# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
## (၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[**ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၅၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၂) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၃) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၄) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၂ ရက်၊

(၅) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၇) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၀) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၁ ရက်နှင့်

(၁၁) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၄ ဦး၊ ယနေ့ ခွင့်ပြုသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မူကြမ်း**

**သမဝါယမဝန်ကြီးဌာနမှ ပြည်သူများသို့ တရုတ်နိုင်ငံ ချေးငွေများ EXIM BANK ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေကာလ(၆)လအစား (၁) နှစ်အထိ တိုးမြှင့်သတ်မှတ်ပေး၍ အတိုးနှုန်း(၄)ကျပ်နှင့် (၁၈)ကျပ်များစွာ ကွာဟနေခြင်းကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းတဲ့မေးခွန်းတဲ့ပတ်သက်၍ ပထမမေးခွန်းမှာ ရွှေဘိုမဲဆန္ဒနယ် ဒေါက်တာအောင်သန်းမှ မေးမြန်းစဉ် ဖြေကြားပြီးဖြစ်တဲ့အတွက် ဖြေကြားပေးရန်မလိုပါဘူး။ နံပါတ်(၂) မေးခွန်းမှာလည်း ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပြည်ထောင်စုလွှတ်တော်မှာ ရှင်းလင်းဖြေကြားပြီးဖြစ်တဲ့အတွက် မေးခွန်းများကို အချိန်ကို ငဲ့ညှာသောအားဖြင့် ဖြေကြားခြင်းမပြုရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**ညောင်ဦးမြို့နယ် လက်ထုတ်ကျေးရွာအုပ်စုနယ်မြေတွင် ဝက်သကျ၊ ကွင်းအမှတ်(၁၃၂၉)နှင့် အင်ပင်ကန်၊ ကွင်းအမှတ်(၁၃၃၀) တို့အတွင်းရှိ မြေဧက ၅၅၁ ကို သမဝါယမအသင်းမှ ကြက်ဆူစိုက်ပျိုးမြေအဖြစ်သတ်မှတ်၍ သိမ်းယူစိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုမရှိ၍ မူလပိုင်ရှင်များက ပြန်လိုချင်ကြောင်းတင်ပြလာခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ညောင်ဦးမြို့နယ် လက်ထုတ်ကျေးရွာအုပ်စု ညောင်လှကျေးရွာမှ တောင်သူ ၂၈ ဦးက ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံ လက်မှတ်များရေးထိုး၍ အားကိုးစွာဖြင့် တင်ပြလာပါတယ်။ အကြောင်းကတော့ ညောင်ဦးမြို့နယ် လက်ထုတ်ကျေးရွာအုပ်စု ကွင်းအမည် ဝက်သကျ၊ ကွင်းအမှတ်(၁၃၂၉)နှင့် ကွင်းအမည် အင်ပင်ကန်၊ ကွင်းအမှတ်(၁၃၃၀)အတွင်းရှိ မြေဧက ၅၅၁ ဧကကို ညောင်ဦး

မြို့နယ် သမဝါယမအသင်းမှ ကြက်ဆူပင်များ စိုက်ပျိုးမြေအဖြစ် သတ်မှတ်၍ သိမ်းယူခဲ့ပါသည်။ အဆိုပါမြေနေရာများသည် တောင်သူများ ဘိုးဘွားအစဉ်အဆက် ထွန်ယက်စိုက်ပျိုးလာခဲ့ကြောင်း ယခု အခါ ကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှုမရှိသဖြင့် တောင်သူများအနေဖြင့် ပြန်လည်စိုက်ပျိုး လုပ်ကိုင်ခွင့်ရရှိပါက သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်ပြီး ဝင်ငွေတိုးလာနိုင်သည့်အပြင် ကျေးလက် ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုနိုင်ကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် မို့လို့ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ မေးခွန်း(၁) ဖော်ပြပါမြေဧက ၅၅၁ ဧကကို မူလပိုင်ရှင်များဖြစ်သော တောင်သူများထံ ပြန်လည်ပေးနိုင်ခြင်းရှိ/မရှိ။ မေးခွန်း(၂) မပေးနိုင်ပါက မည်သည့်အကြောင်းကြောင့် မပေးနိုင်သည် ကို သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည် တော်များစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသ ကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ မေးခွန်းဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် လက်ထုတ်ကျေးရွာအုပ်စုနယ်မြေတွင် ကွင်းအမည် ဝက်သကျ၊ ကွင်းအမှတ်(၁၃၂၉)နှင့် ကွင်းအမည် အင်ပင်ကန်၊ ကွင်းအမှတ်(၁၃၃၀)တို့အတွင်းမှာရှိတဲ့ မြေဧက ၅၅၁ ဧကကို ညောင်ဦးမြို့နယ်သမဝါယမအသင်းမှ ကြက်ဆူစိုက်ပျိုးမြေအဖြစ်သတ်မှတ်၍ သိမ်းယူစိုက်ပျိုးခဲ့ရာ ယခုအခါမှာ ကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှုမရှိ၍ မူလပိုင်ရှင်များက ပြန်လိုချင်ကြကြောင်း၊ ဖော်ပြပါမြေဧက ၅၅၁ ဧကကို မူလပိုင်ရှင်များဖြစ်သော တောင်သူများထံ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိ၊ မပေးနိုင်ပါက မည်သည့်အကြောင်းကြောင့် မပေးနိုင်သည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ညောင်ဦး မြို့နယ် လက်ထုတ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၂၉) ဝက်သကျကွင်းနှင့် ကွင်းအမှတ်(၁၃၃၀)

အင်ပင်ကန်ကွင်းရှိ မြေဧက ၅၅၁ ဧကကို ညောင်ဦးမြို့နယ် သမဝါယမအသင်းက ကြက်ဆူစိုက်ပျိုးမြေ အဖြစ် သတ်မှတ်၍ သိမ်းယူခဲ့ခြင်းမဟုတ်ပါ။ ယခင်နိုင်ငံတော်အစိုးရ၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး စီမံချက်အရ ညောင်ဦးမြို့နယ်မှာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန်အတွက် မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၃-၄-၂၀၀၆ ရက်စွဲပါစာအမှတ်၊ ၅/၄၃-၂၈၅/ ဦး-၆ (၉၁၃) မြေလွတ်မြေရိုင်းချထားပေးသည့် အမိန့်စာဖြင့် လက်ထုတ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၂၉) ဝက်သကျကွင်းမှာရှိတဲ့ တောရိုင်းမြေ ၁၄၂.၈ ဧကနှင့် ကွင်းအမှတ်(၁၃၃၀) အင်ပင်ကန်ကွင်းရှိ တောရိုင်းမြေ ၄၀၈.၄၃ ဧက စုစုပေါင်း ၅၅၁.၂၃ ဧကအနက်မှ ၅၅၀ ဧကကို ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၊ ယခင် ညောင်ဦးမြို့မှ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းကို လုပ်ပိုင်ခွင့် ချထားပေးခဲ့ခြင်းဖြစ်ပါတယ်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းစု လုပ်ပိုင်ခွင့်ရ မြေလွတ်မြေရိုင်းဧရိယာ ၅၅၀ ဧကရဲ့ နယ်နိမိတ်တစ်လျှောက်ကို ညောင်ဦးမြို့နယ် မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးထားသော မြေပုံအတိုင်း နယ်နိမိတ်ကျောက်တိုင်များလည်း စိုက်ထူထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ မြေလွတ်မြေရိုင်း ၅၅၀ ဧက ဟာ ကြပ်တည်းမြေများဖြစ်ပြီး တောင်သူလုပ်ကွက်နှင့် ဦးပိုင်ပေါက်မြေများတွင် မပါဝင်သော တောရိုင်းမြေများဖြစ်ပါတယ်။ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှစပြီး ၎င်းကြပ်တည်းမြေကို ပြုပြင်၍ ခြံစည်းရိုးကြက်ဆူပင် ခြောက်သိန်းကျော်ကို အသင်းပိုင်ငွေ ကျပ်သိန်း ၃၀၀ ခန့် အကုန်အကျခံပြီး စိုက်ပျိုးခဲ့ပါတယ်။ သို့ရာတွင် ရာသီဥတုအခြေအနေအရလည်းကောင်း၊ ကြပ်တည်းမြေဖြစ်နေခြင်း ကြောင့်လည်းကောင်း၊ ရေရရှိမှုနည်းပါးခြင်းကြောင့်လည်းကောင်း အောင်မြင်ဖြစ်ထွန်းမှုမရှိခဲ့ဘဲ ကြက်ဆူစိုက်ပျိုးခြင်းလုပ်ငန်းကို ရပ်နားခဲ့ရပါတယ်။ ယင်းနောက် ညောင်ဦးမြို့နယ် သမဝါယမအသင်းစု ဟာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစ၍ အဆိုပါမြေနေရာ၌ သနပ်ခါးပျိုးပင်ပေါင်း ၁၃၅၀၀ ကို ပျိုးထောင်စိုက်ပျိုးခဲ့ပြီး ကျွန်းပင် ၃၀၀ နှင့်ဇီးချဉ်ပင် ငါးဧကခန့်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ပါ တယ်။ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင်ငွေ ကျပ်သိန်း ၁၀၀ ခန့်အကုန်အကျခံ၍ သနပ်ခါး ပင်၊ ကျွန်းပင်နှင့် ဇီးချဉ်ပင်များကို စိုက်ပျိုးထိန်းသိမ်းလျက်ရှိပါတယ်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုဟာ အသင်းပိုင်ငွေကြေးများ အကုန်အကျခံ ရင်းနှီး မြုပ်နှံဆောင်ရွက်ခဲ့တဲ့အတွက် မြေလွတ်မြေရိုင်းဧက ၅၅၀ အနက်မှ ကွင်းအမှတ်(၁၃၂၉) ဝက်သကျ ကွင်းမှာရှိတဲ့ ဧက ၁၀၀ ကို ညောင်ဦးမြို့နယ် သမဝါယမအသင်းစု ဦးပိုင်အမည်ပေါက် လုပ်ပိုင်ခွင့်

**မူကြမ်း**

ချမှတ်ပေးရန် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုက မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီသို့ ၂၇-၁၁-၂၀၁၄ ရက်စွဲပါစာဖြင့် လျှောက်ထားခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မြေလွတ်မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှုဗဟိုကော်မတီသို့ တင်ပြရန်အကြောင်းကြားချက်အရ လုပ်ငန်းစီမံချက်များနှင့်အတူ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဗဟိုကော်မတီကို ၃၀-၁-၂၀၁၅ ရက်နေ့မှာ တင်ပြလျှောက်ထားပြီးဖြစ်ပါတယ်။ ကျန်ရှိသောမြေဧကများကိုလည်း အသင်းစုအမည်ဖြင့် ဦးပိုင်အမည်ပေါက် ရရှိရေးအတွက် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဗဟိုကော်မတီထံသို့ ဆက်လက်တင်ပြလျှောက်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ် လက်ထုတ်ကျေးရွာအုပ်စု ညောင်လှကျေးရွာမှ တောင်သူ ၂၈ ဦးက တင်ပြသည့် လက်ထုတ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၂၉)နှင့် ကွင်းအမှတ်(၁၃၃၀)ရှိ မြေဧက ၅၅၀ ဧကမှာ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုက သိမ်းယူခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစီမံချက်အရ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခွင့်ပြုပေးထားခဲ့သော မြေနေရာဖြစ်ခြင်း၊ တောင်သူလုပ်ကွက်နှင့် ဦးပိုင်အမည်ပေါက် မဟုတ်ဘဲ မြေလွတ်မြေရိုင်းများဖြစ်ခြင်း၊ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုမှာ အခြေခံသမဝါယမ အသင်းပေါင်း ၁၀၈ သင်း၊ အသင်းသားပေါင်း ၂၃၀၀၀ ကျော်ပါဝင်တဲ့အတွက် အသင်းသားများ အများစုဖြင့် ဆောင်ရွက်နေသောအသင်းဖြစ်၍ ၎င်းမြေယာများမှာ အသင်းသားအများစုပိုင်ဆိုင်ခြင်း၊ အသင်းစုပိုင် ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ၍ မြေပြုပြင်ခဲ့ခြင်း၊ ကြက်ဆူစိုက်ပျိုးရေး လုပ်ငန်းရပ်ဆိုင်းခဲ့သော်လည်း အသင်းစုပိုင်ငွေကြေးများ ရင်းနှီးမြှုပ်နှံ၍ ကျွန်းပင်၊ သနပ်ခါးပင်နှင့် ဇီးချဉ်ပင်များ စိုက်ပျိုးထိန်းသိမ်းလျက်ရှိခြင်း၊ အဆိုပါမြေဧက ၅၅၀ အနက် ဧက ၁၀၀ ကို အသင်းစုအမည်ဖြင့် ဦးပိုင်အမည်ပေါက်လျှောက်ထားဆဲဖြစ်ပြီး ကျန်ဧကများကိုလည်း ဆက်လက်လျှောက်ထားရန် ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် တင်ပြပါမြေဧက ၅၅၀ ဧကကို အသင်းစုအနေဖြင့် ပြန်လည်ပေးအပ်နိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ညောင်ဦးမြို့နယ်အတွင်း သမဝါယမအသင်းစုမှ ပိုင်ဆိုင်ခဲ့သော ပုဂံဟိုတယ်အား ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲပါက မည့်သည့်ဘောင်နှင့်ပွင့်လင်းမြင်သာစွာ ပြောင်းလဲရောင်းချခဲ့သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မွှေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ညောင်ဦးမြို့နယ် ပုဂံဟိုတယ်နှင့်စပ်လျဉ်းပြီးတော့ သမဝါယမအသင်းသားဟောင်းတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုတဲ့အတွက်ကို မေးမြန်းပေးရခြင်းဖြစ်ပါတယ်။ သမဝါယမအသင်းတွေကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၀ သမဝါယမအသင်းဥပဒေနဲ့စတင် တည်ထောင်ခဲ့ပြီးတော့ နဝတလက်ထက်မှာတော့ ၁၉၇၀၊ သမဝါယမအသင်းဥပဒေကိုပယ်ဖျက်ပြီး သမဝါယမအသင်းလီမိတက်အဖြစ်ပြောင်းလဲ ဖွဲ့စည်းခဲ့တာတွေသိရှိခဲ့ရပါတယ်။ ၁၉၇၀ သမဝါယမအသင်း ဥပဒေမပယ်ဖျက်ခင်နဲ့ ပယ်ဖျက်ပြီးနောက်ပိုင်းတွေမှာ လုပ်ငန်းတွေရဲ့ ဆုံးရှုံးမှုတွေကြောင့် ဘဏ်ချေးငွေတွေဆပ်ရန်ရှိတာတွေကို သမဝါယမပိုင် အဆောက်အဦတွေ၊ မြေနေရာတွေ၊ ရောင်းချပြီးတော့ ဆပ်ခဲ့ရတဲ့အချိန်မှာ တိုင်တန်းမှုမျိုးစုံတွေလည်း တွေ့ကြုံခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်။ တချို့နေရာတွေမှာဆိုလို့ရှိရင် ဘဏ်အကြွေးဆပ်ရန်မဟုတ်ဘဲနဲ့ရောင်းချခဲ့ရပြီးတော့မှ စတင်ထူထောင်ခဲ့တဲ့ အင်းသားတွေရဲ့ တာဝန်ကိုထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းတွေကိုထိုက်သင့်တဲ့ အကျိုးခံစားခွင့်မရရှိဘဲနဲ့ ပြည်သူတွေကြားမှာလည်းပဲ နောင်တရတဲ့အသံတွေဟာ ခုချိန်ထိကြားနေရဆဲပဲဖြစ်ပါတယ်။ ဥပမာအားဖြင့်ဆိုရင် မန္တလေးတိုင်းဒေသကြီး အသင်းစုမှာလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းစုမှာလည်းကောင်း အခုလိုဖြစ်စဉ်မျိုးရှိခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ညောင်ဦးမြို့နယ်အသင်းစုပိုင် ပုဂံဟိုတယ်ဟာ ယခုအချိန်မှာ သမဝါယမရဲ့ပိုင်ဆိုင်မှုလား၊ ပုဂ္ဂလိကရဲ့ ပိုင်ဆိုင်မှုလားဆိုတဲ့ အငြင်းပွားဖွယ်တွေဟာ ပြည်သူတွေအကြားမှာဖြစ်ပေါ်နေတာဖြစ်လို့ ယခုလို ပွင့်လင်းမြင်သာလာတဲ့အစိုးရသစ်လက်ထက်မှာ သိရှိလိုကြတဲ့အတွက် မေးခွန်းတွေမေးမြန်းလာကြပါတယ်။ ညောင်ဦးမြို့နယ်ရှိ ပုဂံဟိုတယ်ဟာဆိုရင် ဧရာဝတီမြစ်ကမ်းနံဘေးမှာရှိပြီးတော့ မြန်မာမှုအနုပညာတွေနဲ့ မြန်မာဆန်ဆန်ပြုလုပ်ထားတဲ့ နိုင်ငံခြားသားတွေ နှစ်ခြိုက်တဲ့အောင်မြင်ခဲ့တဲ့ ဟိုတယ်ကြီးတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ မြေအကျယ်

အဝန်းဆိုလို့ရှိရင် နှစ်ဇကေခွဲဝန်းကျင်လောက်ထိ ရှိနိုင်ပါတယ်။ ခုအခြေအနေမှာဆိုလို့ရှိရင် သမဝါယမ အသင်းသားတွေနဲ့ ဒေသခံတွေဟာ ဒီဟိုတယ်ကိုဘယ်သူကနေပြီးတော့ ပိုင်ဆိုင်နေတယ်ဆိုတဲ့ သတင်းစကားတွေနဲ့ သံသယတွေဖြစ်ပေါ်နေကြရပါတယ်။ ဒီသံသယတွေလို လက်ရှိပိုင်ဆိုင်မှုဟာလည်း သမဝါယမအသင်းပိုင်မဖြစ်တော့ဘူးဆိုရင် မည်သူ့ထံကို ပြင်ပပေါက်ဈေးနဲ့လျှော့ညီစွာ ရောင်းချခဲ့ခြင်းတို့ကို ပွင့်လင်းမြင်သာစွာ အုပ်ချုပ်မှုစနစ်မှာဆိုရင် ပြည်သူနဲ့အသင်းသားတွေကို အသိပေးသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ညောင်ဦးမြို့နယ်မှာရှိတဲ့ သမဝါယမအသင်းစုက ပိုင်ဆိုင်ခဲ့တဲ့ ပုဂံဟိုတယ်ကို ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲသည်ဆိုပါက မည်သည့်မူဘောင်အနေနဲ့ ပွင့်လင်းမြင်သာစွာ ပြောင်းလဲရောင်းချခဲ့တယ်ဆိုတာကို ပြည်သူတွေကိုကိုယ်စား သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန်းထွန်းဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်ရဲ့ ညောင်ဦးမြို့နယ်အတွင်း သမဝါယမအသင်းစုမှ ပိုင်ဆိုင်ခဲ့သော ပုဂံဟိုတယ်အား ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲပါက မည်သည့်ဘောင်နှင့် ပွင့်လင်းမြင်သာစွာ ပြောင်းလဲရောင်းချခဲ့သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည့်ပြည့်စုံစုံရှင်းလင်းဖြေကြားရမှာဖြစ်တဲ့အတွက် အချိန်အနည်းငယ်တိုးမြှင့်ပေးပါရန် ဒုတိယဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ညောင်ဦးမြို့နယ်၊ ပုဂံသမဝါယမဟိုတယ်မှာ မူလကပုဂံညောင်ဦးမြို့နယ်၊ အနော်ရထာအထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်း (ညောင်ဦးမြို့နယ်သမဝါယမအသင်းစု)ရဲ့ ပုဂံမြို့ဟောင်းမှာရှိတဲ့ အသင်းပိုင်မြေ သုံးဧကအပေါ်မှာ ၁၉၇၂-၁၉၇၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော တည်းခိုခန်းဖြစ်ပါတယ်။ အဆောက်အဦမှာ နံကပ်၊ သွပ်မိုး၊ အများသုံးရေလောင်းအိမ်သာတို့ပါဝင်ပြီး

အခန်း ၁၄ ခန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ထိုအချိန်က ညောင်ဦးမြို့နယ်မှာ မကွေးတိုင်းရဲ့ ကွပ်ကဲမှု အောက်တွင်ရှိတဲ့အတွက် ၎င်းတည်းခိုခန်းဟာ မြို့အင်္ဂါရပ်နှင့် မညီညွတ်တဲ့အတွက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ ၎င်းတည်းခိုခန်းကို အဆင့်မြင့်ဟိုတယ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် လမ်းညွှန်ခဲ့ပါတယ်။ အသင်းစုအနေနဲ့ ငွေကြေးအခက်အခဲရှိတဲ့အတွက် မန္တလေး မြို့၊ ရတနာပူရသမဝါယမအသင်းနဲ့ သမဝါယမအသင်းနှစ်သင်း အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ကြ ပါတယ်။ အဲဒီလို အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ကြရာမှာ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုက မြေတန်ဖိုးသိန်း ၁၀၀ ကို အစုရှယ်ယာတန်ဖိုးအဖြစ် သတ်မှတ်ပြီး အကျိုးတူဆောင်ရွက်မယ့် ရတနာ ပူရသမဝါယမအသင်းက ကျပ်သိန်း ၄၀၀ ထည့်ဝင်ဖို့ စာချုပ်ချုပ်ဆိုခဲ့ကြပါတယ်။

သမဝါယမအသင်း နှစ်သင်းပူးပေါင်းဆောင်ရွက်ရာမှာ အကျိုးတူဆောင်ရွက်တဲ့ ရတနာပူရ သမဝါယမအသင်းကစာချုပ်အရ သတ်မှတ်ထားခဲ့တဲ့ အစုရှယ်ယာကို ထည့်ဝင်မှုမရှိဘဲ ဟိုတယ် တည်ဆောက်ရေးလုပ်ငန်းကို အကြောင်းပြုပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်မှ ဘဏ်ချေးငွေများ ရယူပြီး ပုဂံသမဝါယမဟိုတယ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပုဂံသမဝါယမဟိုတယ်ကို ၂၁-၆- ၁၉၉၆ မှစပြီး လုပ်ငန်းလည်ပတ်ခဲ့ပါတယ်။ စုစုပေါင်းဘဏ်ချေးငွေကျပ်သိန်း ၇၀၀၀ ကျော်ရယူခဲ့ သော်လည်း ချေးငွေများအချိန်မီပေးဆပ်မှုမရှိခြင်း၊ ငွေကြေးယာယီအလွဲသုံးစားမှုဖြစ်ပေါ်ခဲ့ခြင်းတို့ ကြောင့် ပုဂံဟိုတယ်လုပ်ငန်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်က ၂၀၀၀ ခုနှစ်မှစတင်၍ ငါးနှစ်နှင့် သုံးလဝင်ရောက်သိမ်းယူခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ကာရငွေဖြင့် ချေးငွေအရင်းနှင့်အတိုး စုစုပေါင်း ကျပ်သိန်း ၁၁၂၁၂ သိန်းကို ခုနှိမ်ရယူခဲ့ပြီး ၃၁-၃-၂၀၀၅ မှာ ချေးငွေများ ကျေသွားတဲ့အတွက် မွေးမြူရေးဘဏ်မှ သမဝါယမအသင်းကို ပြန်လည်လွှဲပြောင်းပေးခဲ့ပါတယ်။

အကျိုးတူဆောင်ရွက်ခဲ့တဲ့ ရတနာပူရသမဝါယမအသင်းက စာချုပ်စည်းကမ်းပါအတိုင်း လိုက်နာမှုမရှိတဲ့အပြင် မူလပိုင်ရှင်ဖြစ်တဲ့ ညောင်ဦးမြို့နယ်သမဝါယမအသင်းအပေါ် အကျိုးငွေခွဲဝေ ပေးမှုမရှိခဲ့ကြောင်း အဆင့်ဆင့်တင်ပြတဲ့အတွက် သမဝါယမဝန်ကြီးဌာနက ဟိုတယ်လုပ်ငန်းရဲ့ (၉)နှစ်တာကာလစာရင်းတွေကို စုံစမ်းစစ်ဆေးပြီး ရတနာပူရသမဝါယမအသင်းမှ ရရန်ရှိငွေများကို ခုနှိမ်၍ စာချုပ်ပါစည်းကမ်းအတိုင်း ရှင်းလင်းစေခဲ့ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ရတနာပူရ သမဝါယမအသင်းကိုလည်း အသင်းစည်းကမ်းနှင့် မညီညွတ်တဲ့အတွက် ၂၄-၈-၂၀၀၆ နေ့မှာ စာရင်း ရှင်းလင်းဖျက်သိမ်းခဲ့ပါတယ်။

**မူကြမ်း**

၎င်းအချိန်မှာ ညောင်ဦးမြို့၌ အခြားဟိုတယ်များလည်း အပြိုင်အဆိုင်ပေါ်လာခြင်း၊ ညောင်ဦးမြို့နယ်သမဝါယမအသင်းစုအနေနှင့် လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်း၊ ဟိုတယ်မှာလည်း ပြုပြင်ဆောင်ရွက်ရန်လိုအပ်နေခြင်း၊ ပြုပြင်စရိတ်များကိုလည်း ကျခံရန်အခက်အခဲရှိခြင်းတို့ကြောင့် ထက်အာကာကျော် သမဝါယမအသင်းစုသို့ ငှားရမ်းရန် အသင်းအချင်းချင်း စီစဉ်ဆောင်ရွက်ခဲ့ပြီး ဟိုတယ်ကိုလည်း ထက်အာကာကျော်သမဝါယမအသင်းစုမှ ကျပ်သိန်း ၅၀၀၀ ကျော်အကုန်အကျခံပြီး အကြီးစားပြင်ဆင်မှု ပြုလုပ်ခဲ့ပါတယ်။ ၎င်းပြုပြင်စရိတ်များကို ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအနေနဲ့ ပေးဆပ်ရန်အခက်အခဲရှိခြင်းတို့ကြောင့် ၁၅-၁၂-၂၀၁၀ ရက်နေ့မှာပြုလုပ်တဲ့ အသင်းစုဒါရိုက်တာအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂၅/၂၀၁၀-၂၀၁၁) မှာ ပုဂံသမဝါယမဟိုတယ်ကို အနိမ့်ဆုံးကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ တစ်သန်း သို့မဟုတ် သင့်တင့်သောနှုန်းထားနဲ့ ထက်အာကာကျော်သမဝါယမအသင်းစုကို လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ပြီး ၂၂-၁၂-၂၀၁၀ ရက်နေ့မှာ ပြုလုပ်တဲ့ သမဝါယမအသင်းစုရဲ့ အထူးအရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှာလည်း အသင်းဝင်ကိုယ်စားလှယ်များအားလုံးက အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။ ၎င်းဆုံးဖြတ်ချက်အရ ထက်အာကာကျော် သမဝါယမအသင်းစုအောက်မှာရှိတဲ့ ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်းနှင့် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ကို သမဝါယမအသင်းအချင်းချင်း မြန်မာငွေကျပ်သိန်း ၁၀၀၀၀ ဖြင့် ၅-၇-၂၀၁၁ ရက်နေ့မှာ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုပြီး အရောင်းအဝယ်ပြုလုပ်ခဲ့ပါတယ်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းနဲ့ ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်း သမဝါယမအသင်းတို့ အရောင်းအဝယ်စာချုပ်ကို ၁၃-၇-၂၀၁၁ ရက်နေ့မှာ ညောင်ဦးမြို့နယ်မြေစာရင်းဦးစီးဌာနမှာ ကျသင့်အခွန်ငွေနှင့် တံဆိပ်ခေါင်းခွန်များ ပေးဆောင်ပြီး ယာယီစာချုပ်အမှတ်၊ (၄၄/၂၀၁၁) ဖြင့် မှတ်ပုံတင်ရန် ဆောင်ရွက်ခဲ့ပြီး ဝယ်ယူငွေကျပ်သိန်း ၁၀၀၀၀ ကိုလည်း ပေးချေခဲ့ပါတယ်။ ထက်အာကာကျော်သမဝါယမအသင်းစုအနေဖြင့် အပြီးသတ်မှတ်ပုံတင်ရန်အတွက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရုံးချုပ်ကို တင်ပြဆောင်ရွက်နေစဉ်တွင် ကောင်းထက်စံသမဝါယမအသင်းက ပေးသွင်းထားသောငွေကို ညောင်ဦးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိမှ ကျပ်သိန်း ၅၀၀၀ ကျော်ကို အလွဲသုံးစားပြုလုပ်ခဲ့ပြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအမှုဆောင်အဖွဲ့မှလည်း တာဝန်ရှိသဖြင့် ရဲစခန်းမှာအမှုဖွင့်လှစ်၍ ညောင်ဦးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် အသင်းစုမှ တာဝန်ရှိအမှုဆောင်များကို ကျသင့်ငွေများပေးလျော်စေပြီး တာဝန်မှရပ်စဲခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

**မူကြမ်း**

သို့ဖြစ်၍ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အပြီးသတ်မဆောင်ရွက်နိုင်ဘဲ ရပ်ဆိုင်းထားရှိခဲ့ပါတယ်။ ၁၈-၂-၂၀၁၄ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုရဲ့ အသင်းဝင်ကိုယ်စားလှယ် ၈၉ ဦးပါဝင်သော အသင်းစုဒါရိုက်တာ အဖွဲ့ဝင်များနဲ့ ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်တဲ့ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ပုဂံသမဝါယမဟိုတယ်ငှားရမ်းခြင်း၊ ရောင်းချခြင်းများနဲ့ပတ်သက်ပြီး ရှင်းလင်းပြတ်သားအောင် ဆောင်ရွက်ပေးဖို့ အသင်းဝင်အခြေခံသမဝါယမအသင်းကိုယ်စားလှယ်များက အကြံပြုတင်ပြခဲ့ပါတယ်။ ၎င်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားတဲ့ သမဝါယမအသင်းနှစ်သင်းရဲ့ ဒါရိုက်တာအဖွဲ့တွေ တွေ့ဆုံညှိနှိုင်းပြီး ပုဂံသမဝါယမဟိုတယ်လုပ်ငန်းကို ပြီးပြတ်အောင် ဆောင်ရွက်ဖို့ဆုံးဖြတ်ခဲ့ကြပြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုဒါရိုက်တာအဖွဲ့နှင့် အသင်းဝင် အခြေခံသမဝါယမအသင်းများကိုယ်စား အသင်းဝင်ကိုယ်စားလှယ်များပါဝင်တဲ့အဖွဲ့ဟာ ကောင်းထက်စံအိမ်အလှဆင်ရောင်းဝယ်ရေး သမဝါယမအသင်းဒါရိုက်တာများနှင့် ၂၇-၂-၂၀၁၄ ရက်နေ့မှာတွေ့ဆုံ ညှိနှိုင်းခဲ့ပါတယ်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအနေနဲ့ ဟိုတယ်အားရောင်းချတဲ့ရောင်းချရငွေများ လက်ခံရရှိထားပြီး ဟိုတယ်မှာလည်း ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်းသမဝါယမအသင်း လက်ဝယ်ရောက်ရှိနေ၍ ငှားရမ်းခမရရှိခြင်း၊ ကောင်းထက်စံသမဝါယမအသင်းကလည်း မပြီးမပြတ်ဖြစ်နေတဲ့အတွက် ဟိုတယ်ကိုလည်း မွမ်းမံပြင်ဆင်တည်ဆောက်မှုမပြုနိုင်ခြင်း ဖြစ်နေတဲ့အတွက် သမဝါယမအသင်းနှစ်သင်းလုံး အကျိုးမရှိတဲ့အခြေအနေ ဖြစ်နေပါတယ်။ ကောင်းထက်စံအိမ်အလှဆင်သမဝါယမအသင်းအနေနဲ့လည်း နိုင်ငံတကာအဆင့်မီ သမဝါယမဟိုတယ်တစ်ခုဖြစ်အောင် ဆောင်ရွက်သွားနိုင်ဖို့နဲ့ ညောင်ဦးမြို့နယ်သမဝါယမအသင်းစုအနေနဲ့လည်း ပုဂံသမဝါယမဟိုတယ်ရောင်းချရငွေဖြင့် ညောင်ဦးမြို့နယ်အတွင်းမှာရှိတဲ့ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အသင်းလုပ်ငန်းများမြှင့်တင်ခြင်းအပါအဝင် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဦးတည်ပြီး အသင်းနှစ်သင်းမှ ပွင့်လင်းမြင်သာစွာ အချင်းချင်းညှိနှိုင်းခဲ့ကြပါတယ်။ နောက်ဆုံးညှိနှိုင်းချက်အရ ကောင်းထက်စံ အိမ်အလှဆင်လုပ်ငန်းသမဝါယမအသင်းက ညောင်ဦးမြို့နယ် သမဝါယမ အသင်းစုသို့ ကျပ်သိန်း ၄၅၀၀ ထပ်မံပေးရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။

သမဝါယမအသင်းများဟာ နိုင်ငံတော်မှအတည်ပြုပြဋ္ဌာန်းထားတဲ့ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစိုးရမဟုတ်တဲ့အဖွဲ့အစည်း(NGO)တွေဖြစ်လို့ သမဝါယမအသင်းရဲ့ကိစ္စအဝဝကို အသင်းသားများမှ စီမံခန့်ခွဲပိုင်ခွင့်ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ သမဝါယမအသင်းနည်းဥပဒေအခန်း(၁၂)၊ အပိုဒ် ၇၀(က)မှာ အရပ်ရပ်ဆိုင်ရာအစည်းအဝေးဟာ သမဝါယမအသင်း၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး သမဝါယမအသင်း၏ ကိစ္စအဝဝကို အပြီးသတ်ဆုံးဖြတ်နိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ နည်းဥပဒေအခန်း(၆) အပိုဒ် ၃၇ မှာ အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ အသင်းသား၊ အသင်းဝင်ကိုယ်စားလှယ်၊ ဦးစီးကော်မတီဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အသင်းမှရေးဆွဲထားသော အသင်းစည်းကမ်းဥပဒေအပိုဒ်-၂၀(စ၂)တွင် အသင်းအတွက်လိုအပ်သော ရင်းနှီးပစ္စည်းများရယူခြင်းနှင့် ပြန်လည်ထုခွဲရောင်းချခြင်းကို အရပ်ရပ်ဆိုင်ရာအစည်းအဝေးဖြင့် ဆုံးဖြတ်ဆောင်ရွက်ရန်ဖော်ပြထားပြီး အသင်းစည်းကမ်းဥပဒေအပိုဒ်-၂၇ (ပ)တွင် ဆောင်ရွက်သမျှသော ကိစ္စတို့အတွက်ဒါရိုက်တာအဖွဲ့က အရပ်ရပ်ဆိုင်ရာအစည်းအဝေး၏ တာဝန်ခံအဖြစ် ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားပါတယ်။ ညောင်ဦးမြို့နယ်သမဝါယမအသင်းစုဟာ ပုဂံသမဝါယမဟိုတယ်ကို သမဝါယမအသင်းအချင်းချင်းရောင်းချရန်အတွက် အထက်ပါဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသင်းဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်၊ အသင်းစုရဲ့ အထူးအရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အသင်းအချင်းချင်း လွှဲပြောင်းရောင်းချခြင်းလုပ်ငန်း ပြီးပြတ်မှုမရှိခဲ့ခြင်းအပေါ်မှာ သမဝါယမအသင်းစုရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အသင်းဝင်ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ချက်အရ အထက်မှာတင်ပြခဲ့တဲ့အတိုင်း နှစ်ဖက်သမဝါယမအသင်းအချင်းချင်းညှိနှိုင်းသဘောတူဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အသင်း၏စည်းကမ်းဥပဒေပါ ဒါရိုက်တာအဖွဲ့ရဲ့တာဝန်ခံမှု၊ အသင်းနည်းဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အသင်းအရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များနဲ့ ဆောင်ရွက်ခဲ့လို့ ဥပဒေမူဘောင်များနဲ့အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ထိုသို့ နှစ်ဖက်သမဝါယမအသင်းအချင်းချင်း ညှိနှိုင်းရရှိမှုကို ညောင်ဦးမြို့နယ်သမဝါယမအသင်းစုက ညောင်ဦးမြို့နယ်သမဝါယမဦးစီးဌာနသို့ တင်ပြခဲ့ပြီး ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနက သမဝါယမဦးစီးဌာနအဆင့်ဆင့်မှတစ်ဆင့် သမဝါယမဝန်ကြီးဌာနသို့ ဆက်လက်တင်ပြခဲ့ရာ ၁၃-၃-၂၀၁၄ နေ့၌ ကျင်းပသော သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး

အမှတ်စဉ်(၇/၂၀၁၄)တွင် သမဝါယမအသင်းလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်တဲ့အတွက် သမဝါယမဝန်ကြီးဌာနမှ မှတ်တမ်းတင်အတည်ပြုခဲ့ပါတယ်။ ၎င်းဆောင်ရွက်ခဲ့မှုအခြေအနေအပြည့်အစုံကိုလည်း ညောင်ဦးမြို့နယ်သမဝါယမအသင်းစုရဲ့ ၁၈-၇-၂၀၁၄ ရက်နေ့မှာပြုလုပ်သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးမှာ အသင်းဝင်ကိုယ်စားလှယ်များကို ပွင့်လင်းမြင်သာစွာ အသေးစိတ်ချပြ ရှင်းလင်းခဲ့ပါတယ်။ ၎င်းအစည်းအဝေးမှာ အသင်းဝင် ၁၀၈ သင်းအနက် အသင်းဝင်ကိုယ်စားလှယ် ၁၀၃ ဦးတက်ရောက်ခဲ့ပြီး တက်ရောက်လာတဲ့ အသင်းဝင်ကိုယ်စားလှယ်အားလုံးမှ သဘောတူညီခဲ့ပြီး ဖြစ်ပါတယ်။ နှစ်ဖက်သမဝါယမအသင်းများသဘောတူညီချက်ရရှိပြီး ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်းနှင့် ရောင်းဝယ်ရေးသမဝါယမအသင်းက အသင်းအချင်းချင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ခြင်း၊ ဂရန်လျှောက်ထားခြင်းများနှင့်ပတ်သက်၍ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြေစာရင်းဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော အဖွဲ့ဝင်များဖြင့် ကွင်းဆင်းစိစစ်ခဲ့ကြပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ချက်များနှင့်အတူ မြို့နယ်/ခရိုင်/တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့တင်ပြခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဂရန်ထုတ်ပေးခဲ့ပြီး ဆက်လက်၍ မြေစာရင်းဦးစီးဌာနက အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်းအတွက် ခုနစ်ရက်အတွင်း ကန့်ကွက်ရန်ရှိ/မရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရှေးဟောင်းသုတေသနဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် အခြားဌာနဆိုင်ရာရုံးများရဲ့ ကြော်ငြာသင်ပုန်းများ၌ ကြေညာခဲ့ပါတယ်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိခဲ့သဖြင့် ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်းနှင့် ရောင်းဝယ်ရေးသမဝါယမအသင်းအမည်ဖြင့် မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်ရန် မြို့နယ်သမဝါယမဦးစီးဌာနမှ ခရိုင်မြေစာရင်းဦးစီးဌာနသို့လည်းကောင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှ တိုင်းမြေစာရင်းဦးစီးဌာနသို့လည်းကောင်း ဆက်လက်တင်ပြခဲ့ပြီး တိုင်းမြေစာရင်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်းနှင့် ရောင်းဝယ်ရေးသမဝါယမ အသင်းကလည်း နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ကျသင့်တဲ့အခွန်များကိုပေးဆောင်ပြီး မှတ်ပုံတင်ခြင်းဆောင်ရွက်ခဲ့တဲ့အတွက် မြေစာရင်းဦးစီးဌာနကလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ပုဂံဟိုတယ်အား ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်းနှင့် ရောင်းဝယ်ရေးသမဝါယမအသင်းမှ ဝယ်ယူပြီးနောက် တစ်ပြည်လုံးမှာရှိတဲ့သမဝါယမအသင်းများကလည်း စီးပွားရေးအကျိုးတူ ဆောင်

ရွက်နိုင်ရန် အစုရှယ်ယာထည့်ဝင်နိုင်ပါကြောင်းကို ၁၈-၁၂-၂၀၁၄ ရက်နေ့မှာ သမဝါယမအသင်းများ အားလုံးကို ကမ်းလှမ်းထားပါတယ်။ ယနေ့အထိ သမဝါယမအသင်း ငါးသင်းက ကျပ်သိန်း ၅၀၀၀ ထည့်ဝင်ထားပြီးဖြစ်ပါတယ်။ ကောင်းထက်စံအိမ်အလှဆင်လုပ်ငန်းနှင့် ရောင်းဝယ်ရေးသမဝါယမ အသင်းအနေနဲ့ နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရန်အတွက် မိမိအသင်းတစ်သင်းတည်းမဟုတ်ဘဲ အခြားသမဝါယမအသင်းများကိုလည်း ပွင့်လင်းမြင်သာစွာ ဖိတ်ခေါ်ထားတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်၍ ညောင်ဦးမြို့နယ်၊ ပုဂံသမဝါယမဟိုတယ်အား ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲထား ခြင်း မဟုတ်ပါကြောင်းနှင့် အထက်ဖော်ပြပါအတိုင်း သက်ဆိုင်ရာသမဝါယမအသင်းစု၏ အသင်း စည်းကမ်းပါ စည်းကမ်းချက်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ပြီးညှိနှိုင်းရောင်းချခဲ့ခြင်းဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြော်ငြာသင်ပုန်းများတွင် ကြေငြာ၍ မှတ်ပုံတင်ခြင်း၊ ဂရန်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်မွေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အခုလို ဖြေရှင်းပေးသွားတဲ့အတွက်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆက်စပ်တဲ့မေးခွန်းတစ်ခုကိုလည်း ကျွန်မအနည်းငယ်ထပ်မံပြီးတော့ မေးမြန်းလို ပါတယ်ရှင်။ သမဝါယမအသင်းပိုင်အဆောက်အဦတွေ မြေနေရာတွေကို ထုခွဲရောင်းချခဲ့လို့ သမဝါ ယမဘဏ်ချေးငွေတွေ၊ အကြွေးတွေဆပ်ခဲ့ရတယ်ဆိုတာကိုလည်း ကျွန်မတို့သိရှိရပါတဲ့အတွက် နိုင်ငံ တော်အပေါ်မှာလည်း အခုချိန်မှာဆိုရင် သမဝါယမရဲ့ အကြွေးကျန်ရှိနေတာ မရှိတာကိုလည်း ဒုတိယဝန်ကြီး ရှင်းပြထားလို့ သိရှိထားရပါတယ်။ ဒါကြောင့်မို့လို့ ယခုဆောင်ရွက်နေတဲ့ သမဝါယမ လုပ်ငန်းသစ်တွေ ဆောင်ရွက်တဲ့အခါမှာ အရင်ရှေးကလုပ်ခဲ့တဲ့လုပ်ငန်းတွေအပေါ်မှာ သင်ခန်းစာ ရယူနိုင်ဖို့အတွက်ကို အခုအချိန်မှာဆိုရင် ပွင့်လင်းမြင်သာလာတဲ့အခြေအနေတွေ ဖြစ်နေတဲ့အတွက် သိရှိခွင့်ရမယ်ဆိုရင် ကျွန်မမေးမြန်းလိုတာကတော့ (က) နိုင်ငံအတွင်းမှာ သမဝါယမအသင်းပိုင် အဆောက်အဦနှင့် မြေနေရာတွေ မည်မျှကျန်ရှိနေပါသေးသလဲ။ (ခ) သမဝါယမအသင်းစုတွေ ပိုင်ဆိုင် ခဲ့တဲ့အဆောက်အဦတွေ၊ မြေနေရာတွေ ရောင်းချပြီးတော့မှ ဘဏ်ချေးငွေတွေ ဆပ်ခဲ့ရတဲ့စာရင်းတွေ ကိုလည်းနှစ်အလိုက် ရှင်းလင်းဖော်ပြပေးနိုင်ခြင်းရှိ/မရှိဆိုတာကို မေးမြန်းအပ်ပါတယ်ရှင်။

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွေးလွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းများကို ပြည့်ပြည့်စုံစုံ ကျွန်တော်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ အခုမေးမြန်းတဲ့နောက်ဆက်တွဲမေးခွန်းက ကျွန်တော်တို့ စာရင်းဇယားများ ပြန်လည်ပြုစုရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြန်လည်ပြီးတော့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလာပါက ပြန်လည်ဖြေကြားသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသောတောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကိုအမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုပြီးနောက် ၁-၄-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တောင်သူလယ်သမား၊ အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂၊ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုပြီးနောက် ၁-၄-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က

အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့်အတည်ပြု၍ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို အတွင်းရေးမှူး ကျွန်တော် ဦးစောလှထွန်းက ဖတ်ကြားရှင်းလင်း တင်ပြပါ့မယ်။ အခုလို တင်ပြတဲ့နေရာမှာ အချို့သောအချက်များကို ဖြည့်စွက်ရှင်းလင်းခြင်းအား ခွင့်ပြု ပါရန်လည်း ကြိုတင်တင်ပြလိုပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ၂၀-၃-၂၀၁၅ ရက်နေ့မှာ တင်သွင်းခဲ့ပြီးတော့ ၂၆-၃-၂၀၁၅ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။ အတည်ပြုချက်ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကို ပေးပို့လာ ပါတယ်။

၂။ ယင်းဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် အစိုးရကိုယ်စားလှယ်တွေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ၊ National Network for Education Reform (NNER) မှ ကိုယ်စားလှယ်တွေ၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်တွေပါဝင်တဲ့ လေးပွင့်ဆိုင်အဖွဲ့ဟာ ၁၁-၂-၂၀၁၅ ရက်နေ့၌ ကျောင်းသားများ၏တောင်းဆိုသော အချက်(၁၁)ချက်

အပေါ်မူတည်ပြီး အမျိုးသားပညာရေးဥပဒေအား ပြင်ဆင်ရန် တွေ့ဆုံဆွေးနွေးခဲ့ရာ ကျောင်းသားများနှင့် NNER အဖွဲ့တို့၏ ပြင်ဆင်ရေးဆွဲတင်ပြသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၎င်းတို့၏ တောင်းဆိုချက်အရ လွှတ်တော်သို့ တင်ပြပေးရန် လေးပွင့်ဆိုင်အဖွဲ့မှ မူအားဖြင့် သဘောတူညီခဲ့ခြင်း ဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

ယခုစာတမ်းအားမဖတ်ကြားခင် ကျွန်တော့်အနေနဲ့ အချက်(၁၁)ချက် တောင်းဆိုချက်ဆိုတဲ့ အချက်များကို ကြိုတင်ပြီးတော့ တင်ပြလိုတာကတော့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့စိစစ်ပြီးတဲ့ အချိန်အခါမှာ အချက်(၁၁)ချက်ကဘာတွေလဲ တို့ဥပဒေထဲမှာများ ပါပြီးပြီလားလို့ ကျွန်တော်တို့ ပြန်လည်စိစစ်ခဲ့ပါတယ်။ စိစစ်တဲ့အခါမှာ အချက်(၁၁)ချက်ရဲ့ အချက်အားလုံးဟာ ဒီဥပဒေကြမ်းမှာ ဒါ ထည့်သွင်းဆောင်ရွက်ထားတာ တွေ့ရှိရပါတယ်ဆိုတာလေး ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ ၃၀-၃-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ပြည်သူ့လွှတ်တော် (C)ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမတွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည့်အပြင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၃၀-၃-၂၀၁၅ ရက်နေ့၊ ၃၁-၃-၂၀၁၅ ရက်နေ့နှင့် ၁-၄-၂၀၁၅ ရက်နေ့အထိ I-2 ဥပဒေကြမ်းကော်မတီရဲ့အစည်းအဝေးခန်းမမှာ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပါတယ်။ အဲ့ဒီအစည်းအဝေးကိုတော့-

| | | |
|---|---|---|
| (က) | သူရ ဦးအောင်ကို | ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ |
| (ခ) | ဦးစိုးနိုင် | ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ဂ) | ဒေါ်အောင်ဆန်းစုကြည် | ဥက္ကဋ္ဌ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ |
| (ဃ) | ဒေါက်တာချမ်းငြိမ်း | ဥက္ကဋ္ဌ၊ ပညာရေးမြှင့်တင်မှုကော်မတီနှင့် အဖွဲ့ဝင်များ |

(င) ဒေါက်တာမောင်မောင်ဝင့် — အတွင်းရေးမှူး၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီနှင့် အဖွဲ့ဝင်များ

(စ) ဦးအေးမောက် — အတွင်းရေးမှူး၊ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ

(ဆ) ဦးအောင်ကြိုင် — အတွင်းရေးမှူး၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ

(ဇ) ဦးသန်းမြင့် — အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

(ဈ) ဦးတင်မောင်ဦး — အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ

(ည) ဦးဖြိုးဇေယျာသော် (ခ) ဇေယျာသော် — အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ

(ဋ) အဖွဲ့ဝင်များ — ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ

(ဌ) တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ

(ဍ) ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါတယ်။

ဒီလိုတက်ရောက်မှုကို ဖတ်ကြားတင်ပြရခြင်းဟာ ဒီဥပဒေကြမ်းနှင့်ပတ်သက်၍ ကျွန်တော်တို့လွှတ်တော်က ဘယ်လိုအလေးအနက်ထားပြီးတော့ ဆောင်ရွက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ၊ ပုဂ္ဂိုလ်စုံ တက်ရောက်ဆွေးနွေးတယ်ဆိုတာ သိရှိစေလိုသောအချက်ဖြစ်ပါတယ်။

၄။ ယင်းညှိနှိုင်း အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြပါတယ်။ အဲဒီတော့ အဲဒီလိုစိစစ်တဲ့အတွက် တွေ့ရှိချက်၊ ပြင်ဆင်ရန်တင်ပြချက်များကို ဆက်လက်ဖတ်ကြားသွားမှာဖြစ်ပါတယ်။ စုစုပေါင်းပြင်ဆင်တဲ့အချက်ပေါင်း ၄၈ ချက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အားလုံးကိုမဖတ်ကြားဘဲ (၁၄)ချက်လောက်ကိုပဲ ထုတ်နုတ်တင်ပြပါ့မယ်။ ဒီ

**မူကြမ်း**

ပြင်ဆင်ချက်ကန့်လန့်ဖြတ်ဇယားများကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုတဲ့ဥပဒေကြမ်းမှာ အပိုဒ်ပေါင်း (၅၈) ပိုဒ်ပါပြီးတော့ ပြင်ဆင်တာကတော့ ပြင်ဆင်ချက်ပေါင်း(၁၀၅) ချက် ရှိပါတယ်။ အဲဒီ (၁၀၅)အနက်ကနေ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် (၅၇) ချက်ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ အစည်းအဝေးတက်ရောက်လာကြတဲ့ကိုယ်စားလှယ်များက သဘောတူလက်ခံခဲ့ကြပြီးတော့ အခု ကျွန်တော်တို့ (၄၈) ချက်ကိုတော့ ကျွန်တော်တို့ထပ်မံစိစစ်ပြင်ဆင်ထားကြခြင်းဖြစ်ပါတယ်။ ဒီလိုစိစစ်ကြရာမှာ မူပိုင်းဆိုင်ရာကို ဦးစွာကျွန်တော်တို့ ချမှတ်ပါတယ်။ အဲဒီမူကတော့ ပွင့်လင်းစွာတင်ပြရရင် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားအတွက်ကိုပဲ ကြည့်မယ်။ ဝန်ကြီးဌာနအကြိုက်၊ လွှတ်တော်အကြိုက်၊ NNER အကြိုက်၊ ကျောင်းသားများအကြိုက်ဆိုတဲ့ ဒီအဂတိကို မလိုက်လျောဘဲနဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ဆောင်ရွက်မယ်ဆိုတဲ့ ဦးတည်ချက်ကို ပထမဆုံးချမှတ်ဆောင်ရွက်ကြခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များမှာလည်း ဒီအချက်တွေဟာပါရှိပြီးဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့ညီရမယ်။ နောက် ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်တွေ မထိခိုက်ရဘူး။ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ရမယ်ဆိုတဲ့အချက်များလည်းပါပြီးဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြရရင် အမှတ်စဉ် ၅ မှာ အပိုဒ် ၈ တွင် ပါဝင်သော အပိုဒ် ၂ အပိုဒ်ခွဲ(ဠ)ကို တက္ကသိုလ်ကောင်စီဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့် အဆင့်တူညီသော ပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသား ကိုယ်စားလှယ်များ၊ အများယုံကြည် လေးစားသည့်ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့်ကောင်စီ ဆိုသည် ဟု ပြင်ဆင်ပါတယ်။ ဒါဟာ ကန့်လန့်ဖြတ်ဇယားနှင့်ယှဉ်ကြည့်လို့ရှိရင် ကျွန်တော်တို့ အဲဒီအချက်ကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအထဲမှာ ကျွန်တော့်အနေနဲ့ ထုတ်နုတ်ရှင်းလင်းတင်ပြရတဲ့အကြောင်းအရင်းကတော့ မူလပြဋ္ဌာန်းချက်မှာ မူလတင်သွင်းလာတဲ့ပုဂ္ဂိုလ်မှာ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂများလို့ ရေးသားထားပါတယ်။ အဲဒီတော့ ဆရာသမဂ္ဂကိုယ်စားလှယ်များရှိရင် ကိုယ်စားလှယ်ထဲမှာ ဆရာ

သမဂ္ဂမဝင်တဲ့ ကိုယ်စားလှယ်များရဲ့ကိုယ်စားလှယ်လည်း ပါရှိသင့်ပါတယ်။ အလားတူပဲ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်ပါရင် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်မဟုတ်တဲ့ ကိုယ်စားလှယ်များလည်း ဒီလိုအဖွဲ့တွေထဲမှာ ပါဝင်သင့်ပါတယ်။ ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုစဉ်းစားပြီးတော့ ဘယ်လိုရေးမလဲလို့ ပထမဆုံးစဉ်းစားတော့ ဆရာသမဂ္ဂကိုယ်စားလှယ်နှင့် ဆရာသမဂ္ဂအဖွဲ့ဝင်မဟုတ်သောကိုယ်စားလှယ် များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်နှင့် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်မဟုတ်သော အဖွဲ့ဝင်များ လို့စဉ်းစားပါတယ်။ စဉ်းစားပြီးတော့ ဒီလိုရေးသားလိုက်တဲ့စာကိုပဲ ပြန်ကြည့်လိုက်တဲ့အခါတော့ ဒီလို အတူတူတော့ ကျောင်းသားကိုယ်စားလှယ်၊ ဆရာကိုယ်စားလှယ်လို့ရေးတာဟာ ဥပဒေကြောင်းအရရော ပိုမိုညီညွတ်တယ်လို့ ဒါတွေ့ရှိချက်အရ ကျွန်တော်တို့ ဒီလိုရေးသားခြင်းဖြစ်ကြောင်း ထည့်သွင်းပြီးတော့ တင်ပြလိုပါတယ်။

အလားတူပဲ မူလပြဋ္ဌာန်းစဉ်မှာရေးထားတာကတော့ အမှီအခိုကင်းသော ပညာရှင်များ၊ အမှီအခို ကင်းသောပညာရှင် ဘယ်လိုလူ အမှီအခိုကင်းတဲ့ပညာရှင်လဲ။ ဒါဟာ ဝိဝါဒကွဲပြားစရာဖြစ်ပါတယ်။ အဲဒါ ကြောင့်မို့ ဘယ်လောက်တော်တဲ့ပညာရှင်ကြီးဖြစ်ပါစေ။ တစ်ဦးဦးစီက အထောက်အပံ့ယူထားရင်၊ သားသမီးကထောက်ပံ့ထားရင်ကိုပဲ အမှီအခိုကင်းတဲ့ပညာရှင်လို့ အပြောခံရမယ့်သဘောဖြစ်နေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ကတော့ ကျွမ်းကျင်ပညာရှင်လို့ ပြင်ထားကြောင်း ထုတ်နုတ်ရှင်းလင်းတင်ပြ ရခြင်းဖြစ်ပါတယ်။ နောက် အပိုဒ် ၉ မှာကတော့ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)တွင်ပါရှိသော အသစ်ဖြည့် စွက်ချက် ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ကို ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ် ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ၏ အကြံ ပြုချက်များကို ရယူရေးဆိုတဲ့ဟာ စောစောကတင်ပြသလို အမှီအခိုကင်းသောပညာရှင်ဆိုတဲ့နေရာမှာ ကျွန်တော်တို့က ကျွမ်းကျင်ပညာရှင်လို့ပြောင်းပါတယ်။ ပညာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းတွေ၊ မိဘတွေအပြင် ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များ မူလအရေးအသားကို ဆရာ ကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များလို့ ထည့်သွင်းပြင်ဆင်ထားကြောင်း တင်ပြလိုပါ တယ်။ နောက် အပိုဒ် ၁၁ မှာတော့ အပိုဒ် ၁၁ အပိုဒ်ခွဲ(င)တွင်ပါရှိသော ပုဒ်မ ၄ ပုဒ်မခွဲ(ဠ)ကို တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ် လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်း စာမေးပွဲရမှတ်ဖြင့်သာ စိစစ် ဆုံးဖြတ်ရွေးချယ်ခြင်းမဟုတ်ဘဲ လက်ခံမည့်တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ်

**မူကြမ်း**

ထားရှိရေးလို့ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာကတော့ မူလလေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ဒီကိစ္စကလည်း အပါအဝင်တစ်ခုဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်နဲ့ပတ်သက်ပြီးတော့ သင်ယူသူကိုယ်တိုင်ရွေးချယ်လျှောက်ထားခွင့်ရှိတယ်ဆိုတဲ့ဟာကို ဒါ ကျွန်တော်တို့ အဓိကထားပြီးတော့ ဖော်ပြပါတယ်။ ပြီးတော့မှ အထက်တန်းစာမေးပွဲရမှတ်နဲ့သာ စိစစ်ရွေးချယ်ခြင်းမဟုတ်ဘဲနဲ့ လက်ခံမယ့်တက္ကသိုလ်ရဲ့လိုအပ်ချက်အရ စိစစ်ရွေးချယ်တဲ့စနစ်ထားရှိရေးဆိုပြီးတော့ ပြင်ဆင်ကြောင်း တင်ပြလိုပါတယ်။

ဒီမှာ စောစောက ကျွန်တော်တင်ပြခဲ့တဲ့အပိုင်းမှာ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များဆိုတဲ့အထဲမှာ သမဂ္ဂနဲ့ပတ်သက်လို့ရှိရင်တော့ ကျွန်တော်တို့က သမဂ္ဂများကိုလွတ်လပ်စွာဖွဲ့စည်းခွင့်ရှိတယ်ဆိုတဲ့ဟာကိုလည်း ကျွန်တော်တို့ ဒီမှာ ထည့်ထားပါတယ်။ တချို့ကလည်း ဒီကိစ္စပါသွားလို့ စောစောက ကျွန်တော်ရှင်းပြသလိုဖြစ်လို့ သမဂ္ဂဖွဲ့စည်းခွင့်မပါတော့ဘူးလို့လဲဖြစ်မှာစိုးလို့ အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ်ပဋိညာဉ်နှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ဆိုတဲ့ဟာကို ပြဋ္ဌာန်းထားကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြလိုပါတယ်။

နောက် စတုတ္ထရှင်းလင်းတင်ပြလိုတာကတော့ အပိုဒ် ၁၇ ဖြစ်ပါတယ်။ အပိုဒ် ၂၁ ကို အပိုဒ် ၁၉ အဖြစ်ပြောင်းပြီး ယင်းအပိုဒ်တွင်ပါရှိသော ပုဒ်မ ၂၇ ကို ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့်လွတ်လပ်စွာရပ်တည်သော ကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည်လို့ ကျွန်တော်တို့ ပြင်ပါတယ်။ မူလကတော့ ဒီအဆိုပြုထားတဲ့ ဒီဥပဒေ နောက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တဲ့ ပုဂ္ဂိုလ်က ဘယ်နှစ်ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တဲ့ပုဂ္ဂိုလ်ကဘယ်နှစ်ဦး၊ နောက်ဘယ်တက္ကသိုလ်တွေက ရွေးချယ်တဲ့ပုဂ္ဂိုလ်တွေ၊ ဘယ်အဖွဲ့အစည်းတွေက ရွေးချယ်တဲ့ပုဂ္ဂိုလ်တွေစသဖြင့် အဲဒီလို အမျိုးအစား ၁၃ မျိုးလောက်နဲ့ ရေးထားပါတယ်။ အဲဒီတော့ ဒီမှာကတော့ ဒီပုဒ်မ ၂၇ ကော်မရှင်ကိုတော့ ဖွဲ့စည်းနိုင်သည်ဆိုပြီးတော့ပဲ ကျွန်တော်တို့ ချုံ့ပြီးတော့ နည်းဥပဒေမှာ အသေးစိတ်ဖော်ပြရေးသားရမှာဖြစ်လို့ ချုံ့ပြီးတော့ပဲ ရေးထားပါကြောင်း ဖော်ပြလိုပါတယ်။ ဘာကြောင့်မို့လို့ သူ့ကိုချုံ့ပြီးရေးထားသလဲဆိုတော့ နောက်ပိုင်း သူ့ကိုပြန်ညွှန်းတဲ့ အပိုဒ်တွေလည်း ပါနေလို့ဖြစ်ပါတယ်။ နောက် အပိုဒ် ၁၉ မှာကတော့ အပိုဒ် ၂၂ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင်ပါရှိသော ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)ကို လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့်

ရပ်တည်ရေးနှင့် သင်ယူလိုသူ၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့် အညီ သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးရမည်ဟု ပြင်ဆင်ထားပါတယ်။

နောက် အပိုဒ် ၂၇ မှာကတော့ အပိုဒ် ၂၉ ကို အပိုဒ် ၂၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၄၀ ကို ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။ ဒါစောစောကပြောတဲ့ အမှီအခိုကင်းသော ပညာရှင်ဆိုတဲ့ နေရာမှာ ကျွမ်းကျင်ပညာရှင်ပြောင်းပါတယ်။ နောက် အပိုဒ် ၂၈ မှာတော့ ၃၁(ခ) အမျိုးသား ပညာရေးဥပဒေပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်လို့ ကျွန်တော်တို့ ပြင်ဆင်ရေးသားပါတယ်။ အဲဒီတော့ အချို့သော ဒီဟာက ကျွန်တော်တို့တောင်းဆိုချက်တွေမှာလည်းပါပါတယ်။ ဒီဟာကိုလည်း ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပါတယ်။ ဆွေးနွေးတဲ့ဟာ အသေးစိတ်တော့ ထပ်မံရှင်းလင်းတင်ပြခြင်းမပြုတော့ပါဘူး။ နောက် အပိုဒ် ၈ အနေနဲ့ ရှင်းလင်းတင်ပြလိုတာကတော့ အပိုဒ် ၃၂ မှာ အပိုဒ် ၄၀ ကို အပိုဒ် ၃၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၅၀ ပုဒ်မခွဲ(ခ)ကို သင်ယူမှုဖွံ့ဖြိုးရေးအတွက် သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာရွေးချယ်ခွင့် ရှိရမည်လို့ ပြင်ဆင်ပါတယ်။ မူလကတော့ သင်ယူမှုဖွံ့ဖြိုးရေးအတွက် လွတ်လပ်စွာရွေးချယ်ခွင့်ရှိသည်။ အဲဒီတော့ စာသင်မယ်ဆို လို့ရှိရင်တော့ လွတ်လွတ်လပ်လပ်သင်လို့ရတယ်ဆိုတဲ့အခြေခံပါ။ ဟိုကျောင်းကလည်း၊ ဟိုတက္ကသိုလ် ကလည်း ဒီလိုသင်မယ်။ ဒီတက္ကသိုလ်ကလည်း ဒီလိုသင်မယ်ဆိုပြီးတော့ ဒီလွတ်လပ်စွာဆိုတဲ့စကား နောက်မှာ တစ်ကြောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းအနေနဲ့လည်း ဖြစ်နေမယ်။ ဝိဝါဒကွဲစရာ၊ အငြင်းပွားစရာတွေလည်း ဖြစ်လာမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ ညှိနှိုင်းအစည်းအဝေးမှာ သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီသောနည်းစနစ်များကို ဆိုတာလေးတစ်ခု ဖြည့်စွက်ပါတယ်။ အဲဒါနောက်ကမှ သင်ယူမှုဖွံ့ဖြိုးရေးအတွက် သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာရွေး ချယ်ခွင့်ရှိသည် သင်ရိုးညွှန်းတမ်းကိုတော့ မှီပြီးတော့မှ လွတ်လပ်စွာရွေးချယ်သင်ကြားပါလို့ ဆိုလို ခြင်းဖြစ်ပါတယ်။

နောက် အပိုဒ် ၃၄ ကိုတင်ပြလိုပါတယ်။ အမျိုးသားပညာရေးဥပဒေ မူလပုဒ်မ ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည်။ ပုဒ်မ ၅၃ ပုဒ်မခွဲ(က) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများ

သည် ဆရာများ၏ တာဝန်နှင့်အခွင့်အရေးများကို သတ်မှတ်ပေးရမည်။ ဒါကတော့ မိမိဝန်ထမ်းဖြစ်တဲ့ အတွက် တာဝန်နဲ့အခွင့်အရေးတွေ သတ်မှတ်ပေးတယ်ဆိုတာ ရှိပြီးသားလည်းဖြစ်ပါတယ်။ သို့သော်လည်း အဓိကဆိုလိုချင်တာကတော့ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)ဖြစ်ပါတယ်။ ပညာရေးအဆင့် အသီးသီးတွင် ဘာသာရပ်အားလုံးကို တန်ဖိုးထားပြီး သင်ကြားနေသော ဆရာများအကြား ခွဲခြားဆက်ဆံခြင်းမရှိစေရဆိုတဲ့ မူလရေးသားထားတဲ့ဟာကတော့ ခွဲခြားဆက်ဆံမှုမရှိစေရေးဆိုတဲ့ ဒီအချက် ၁၁ ချက်ပါ တောင်းဆိုချက်ထဲမှာပါတဲ့အချက်တွေဖြစ်ပါတယ်။ တကယ့်တကယ်ကတော့ လိုအပ်မလိုအပ် ပြန်စဉ်းစားတဲ့အခါမှာ လက်တွေ့ဖြစ်ပျက်နေမှုများပေါ်မူတည်ပြီးတော့ ဒီပြဋ္ဌာန်းချက်ကိုတော့ ထည့်လို့ ရပါတယ်။ ထည့်သင့်ပါတယ်ဆိုပြီးတော့ ဆွေးနွေးကြတဲ့အတွက် ဒီဆရာတစ်ဦးဟာ သင်္ချာသင်လို့၊ အင်္ဂလိပ်စာသင်လို့ အစရှိသဖြင့် ဒီအပြင် ဝိဇ္ဇာသင်လို့၊ သိပ္ပံသင်လို့ ဝိဇ္ဇာဆရာမို့ဦးစားပေးရမှာလား။ သိပ္ပံဆရာမို့ ဦးစားပေးတာလား။ ဒီလိုခွဲခြားမှုတွေ၊ ခွဲခြားတာတွေကို မဖြစ်စေရလို့ ဒါသတ်မှတ်ချက် ဖြစ်ပါတယ်။ အပိုဒ်ခွဲ(ဂ)မှာကတော့ ဆရာဖြစ်နိုင်ရေးအတွက် ဆီလျော်အပ်စပ်သော လုပ်ငန်းများတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားခြင်းမရှိစေရ။ ဒါကတော့ မသန်စွမ်း ပုဂ္ဂိုလ်များရဲ့ တင်ပြချက် အပေါ်မှာ ထည့်သွင်းစဉ်းစားပြီးတော့ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။

နောက် အပိုဒ် ၃၇ ကို ဖော်ပြလိုပါတယ်။ အပိုဒ် ၃၈ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်။ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပုဒ် ၂၇ အရဖွဲ့စည်းသော ကော်မတီတို့သည်ဆိုတာ စောစောက ကျွန်တော်ပြောတဲ့ ရှင်းပြတဲ့ အပိုဒ် ၂၇ အရ ဖွဲ့စည်းတဲ့ ကော်မတီဖြစ်ပါတယ်။ သက်ဆိုင်ရာအဆင့်မြင့်ပညာကျောင်းများကို တည်ဆဲဥပဒေ၊ ဤဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်လို့ ဒါပြန်လည်ဖော်ပြခြင်းဖြစ်ပါတယ်။ အပိုဒ် ၃၉ ကတော့ ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏သီးခြားခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနက ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာသင်ကျောင်းများကို ပြောခြင်းဖြစ်ပါတယ်။ အဲဒီမှာ နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေနဲ့ ကျန်သွားတဲ့အတွက် ဒါဖြည့်စွက်ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အပိုဒ် ၄၀ ကတော့ အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်။ (ဇ) ပညာသင်ကြားနေဆဲတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှုရပ်တဲ့ခဲ့ရသော ကျောင်းသားများနှင့်စပ်လျဉ်း၍ သင့်လျော်သော ပညာသင်ယူမှုတစ်ခုခု ပြန်လည်ရရှိစေရေးအတွက် လိုအပ်သော အစီအမံများသတ်မှတ်ထားရှိခြင်း ဒါဟာ

ပြောရလို့ရှိရင်တော့ ကျွန်တော်တို့ စိစစ်မှုလည်းအားနည်းသွားပါတယ်။ ဒီအချက်ဟာ အစိုးရရဲ့ ဆောင်ရွက်ချက်၊ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ် ဖြစ်တဲ့အတွက် ဥပဒေမှာ မထည့်သင့်ဘူးလို့ အဲဒီနေ့က ဆွေးနွေးသွားခဲ့ပါတယ်။ အဲဒီတော့ ပညာသင်ကြားဆဲတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှုရပ်တံ့ခဲ့တဲ့ ကျောင်းသားများနှင့်စပ်လျဉ်း၍ သင့်လျော်သော ပညာသင်ယူမှုတစ်ခုခု ပြန်လည်ရရှိရေး လိုအပ်တဲ့အစီအစဉ်များ သတ်မှတ်ထားရှိခြင်းဆိုတဲ့ဟာ ဒီလို ထုတ်နုတ်တင်ပြရခြင်းကတော့ ဒါဟာ ထည့်သင့်၊ မထည့်သင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ပြန်လည်အကြံပြုချက်များနှင့်ဆွေးနွေးပြီးတော့ အတည်ပြုရာမှာ ထည့်သွင်းဆွေးနွေးနိုင်ဖို့အတွက် ထုတ်နုတ်တင်ပြရခြင်းဖြစ်ပါတယ်။

အဲဒီတော့ အပိုဒ် ၄၁ မှာကတော့ ကျွန်တော်တို့ လိုအပ်တဲ့ဥပဒေ အပိုဒ် ၄၈ တွင်ပါရှိသော အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)ကို မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက် ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူပြီး ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်းလို့ ဒါပြင်ဆင်ပါတယ်။ စောစောက ပြောတဲ့ ဆရာကိုယ်စားလှယ်၊ ကျောင်းသားကိုယ်စားလှယ်လို့ပဲ ရေးပါတယ်။ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂလို့ ဒီမှာ မရေးပါဘူး။ သီးခြား သူ့ကိုတော့ စောစောက ဖတ်ကြားပြသလို ဆရာများသမဂ္ဂ၊ ကျောင်းသားများ သမဂ္ဂဖွဲ့စည်းခွင့်ကို ဒါသတ်မှတ်ပြဋ္ဌာန်းပေးထားပြီးဖြစ်တယ်ဆိုတာလေး ဒါထည့်သွင်းရှင်းပြလိုခြင်းဖြစ်ပါတယ်။

နောက် အပိုဒ် ၄၄ ကိုတင်ပြလိုပါတယ်။ အပိုဒ် ၅၁ ကို အပိုဒ် ၄၃ အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်တွင်ပါရှိသော ပုဒ်မ ၆၂ ပုဒ်မခွဲ(က)ကို နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံအသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိရောက်ရှိရေးအတွက် ရည်မှန်းချက် ထားရှိဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါတယ်။ ကျွန်တော်တို့ ဒါရည်မှန်းချက်ထားရှိပြီးတော့ ဆောင်ရွက်ပေးဖို့၊ အခုက်လက်ငင်းဆောင်ရွက်ဖို့၊ နောက် ၁၀ နှစ်နေရင် ဆောင်ရွက်ဖို့၊ နောက် ငါးနှစ်နေရင်ဆောင်ရွက်ဖို့ဆိုတာမျိုး မဟုတ်ဘဲနဲ့ ဒီအသုံးစရိတ် ၂၀ ရာခိုင်နှုန်းအထိရောက်အောင်တော့ ရည်မှန်းပြီးတော့ ဆောင်ရွက်ပေးပါလို့ ဒါကျွန်တော်တို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ နောက် အပိုဒ် ၄၆ ကတော့ အဆင့်မြင့်ပညာ

ကျောင်းများမှ ပုဒ်မ ၅၇ ပုဒ်မခွဲ(ခ)တွင်ပါဝင်သော အဆင့်မြင့်ပညာကျောင်းများမှအပဆိုတာ စောစော က ဝန်ကြီးဌာနတွေကနေပြီးတော့မှ ထူးခြားသော ကျောင်းများကို ဆိုလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနများက တာဝန်ခံသင်ကြားပေးတဲ့ ဒီကျောင်းများမှအပ ဒါကိုဖော်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ စောစောက ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနစတဲ့ အဲဒီလို ပုဒ်မ ၅၇ ပုဒ်မခွဲ(ခ) မှာပါဝင်တဲ့ကျောင်းတွေကအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် မိမိတို့အတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဆိုပြီးတော့ ဒါဖြည့်စွက် ခြင်းဖြစ်ပါတယ်။

အဲဒီတော့ နိဂုံးချုပ်အားဖြင့် တင်ပြရရင် အခုပြင်ဆင်ချက်များကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါ တယ်။ ၃၀ ရက်နေ့ကတည်းကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ဒီအကြံပြုနိုင် ရန်ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအတိုင်း လိုက်နာဆောင်ရွက်ဖို့ မဟုတ်ပါဘူး။ ပိုကောင်းအောင်၊ ပိုပြည့်စုံအောင် အကြံများပေးကြပါ။ အဲဒီအပေါ်မှာ ကျွန်တော်တို့ အကြံပြုချက်များကို ဥပဒေကြမ်းကော်မတီက ဖိတ်ကြားပြီးတော့၊ ဆွေးနွေးပြီးတော့ နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်တဲ့ ဥပဒေကြမ်းတစ်ရပ်ဖြစ် အောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီးတော့ နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၀-၃-၂၀၁၅ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၂၆-၃-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များ၊

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ National Network for Education Reform (NNER) မှ ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသား ကိုယ်စားလှယ်များပါဝင်သော လေးပွင့်ဆိုင်အဖွဲ့သည် ၁၁-၂-၂၀၁၅ ရက်နေ့၌ ကျောင်းသားများ ၏တောင်းဆိုသော အချက်(၁၁) ချက်အပေါ် မူတည်၍ အမျိုးသားပညာရေးဥပဒေအား ပြင်ဆင်ရန် တွေ့ဆုံဆွေးနွေးခဲ့ရာ ကျောင်းသားများနှင့် NNER အဖွဲ့တို့၏ ပြင်ဆင်ရေးဆွဲတင်ပြသည့် အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၎င်းတို့၏ တောင်းဆိုချက်အရ လွှတ်တော်သို့ တင်ပြပေးရန် လေးပွင့်ဆိုင်အဖွဲ့မှ မူအားဖြင့် သဘောတူညီခဲ့သည်ကို လေ့လာတွေ့ရှိ ရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဆောင်၍ ၃၀-၃-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသည့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ပြည်သူ့လွှတ်တော် C ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမတွင် ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့သည့်အပြင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီသည် ၃၀-၃-၂၀၁၅ ရက်နေ့၊ ၃၁-၃-၂၀၁၅ ရက်နေ့နှင့် ၁-၄-၂၀၁၅ ရက်နေ့တို့တွင် I-2 ဥပဒေကြမ်းကော်မတီ အစည်း အဝေးခန်းမတွင် အောက်ပါပုဂ္ဂိုလ်များပါ တက်ရောက်ခဲ့ပြီး ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သူရ ဦးအောင်ကို | ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ |
| (ခ) | ဦးစိုးနိုင် | ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ |
| (ဂ) | ဒေါ်အောင်ဆန်းစုကြည် | ဥက္ကဋ္ဌ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးကော်မတီ |
| (ဃ) | ဒေါက်တာချမ်းငြိမ်း | ဥက္ကဋ္ဌ၊ ပညာရေးမြှင့်တင်မှုကော်မတီနှင့် အဖွဲ့ဝင်များ |
| (င) | ဒေါက်တာမောင်မောင်ဝင့် | အတွင်းရေးမှူး၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်မှု စိစစ်ရေးကော်မတီနှင့် အဖွဲ့ဝင်များ |
| (စ) | ဦးအေးမောက် | အတွင်းရေးမှူး၊ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ |

ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ

(ဆ) ဦးအောင်ကြိုင် — အတွင်းရေးမှူး၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ

(ဇ) ဦးသန်းမြင့် — အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

(ဈ) ဦးတင်မောင်ဦး — အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ

(ည) ဦးဖြိုးဇေယျာသော် (ခ) ဇေယျာသော် — အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ

(ဋ) အဖွဲ့ဝင်များ — ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

(ဌ) တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ

(ဍ) ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ။

၄။ ယင်းညှိနှိုင်း အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) အမျိုးသားလွှတ်တော်၏ အတည်ပြု ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၅၈)ပိုဒ်၌ ပြင်ဆင်ချက် (၁၀၅)ချက် ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၅၇)ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

(၃) အပိုဒ် ၃ တွင် ပါရှိသော အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ရှိ ထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာ တွေးခေါ်၍ စကားရပ်ကို ထိန်းသိမ်းမြှင့်တင်နိုင်သော ဘက်စုံအတွေးအခေါ် မှန်ကန်၍

**မူကြမ်း**

လွတ်လပ်စွာတွေးခေါ်နိုင်သည့် ဟုလည်းကောင်း၊ ပြုစုပျိုးထောင်ရေး စကားရပ်ကို ပြုစုပျိုးထောင်နိုင်ရန် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၆ တွင် ပါရှိသော အပိုဒ် ၂ အပိုဒ်ခွဲ(ယ)ရှိ အမှီအခိုကင်းသည့် ပညာရှင်များ စကားရပ်ကို ကျွမ်းကျင်ပညာရှင်များ ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၈ တွင် ပါရှိသော ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)ကို တက္ကသိုလ်ကောင်စီဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့် အဆင့်တူညီသော ပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များ၊ အများယုံကြည် လေးစားသည့်ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်အရ ဖွဲ့စည်းသည့်ကောင်စီကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၉ တွင် ပါရှိသော ပုဒ်မ ၂ ပုဒ်မခွဲ(အ)ရှိ ဆိုလိုသည် စကားရပ်ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၁၀ တွင် ပါရှိသော ခြေဆင်းအား အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၁၀ တွင် ပါရှိသော ပုဒ်မ ၃ ပုဒ်မခွဲ(ဈ)သည် ပုဒ်မ ၅၈ ပုဒ်မခွဲ(ခ)တင်ပါရှိပြီးဖြစ်သဖြင့် ပယ်ဖျက်ပါသည်။

(၉) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)တွင် ပါရှိသော အသစ်ဖြည့်စွက်ချက် ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူရေးဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၀) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)တွင် ပါရှိသော ပုဒ်မခွဲ(စ)ကို ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို ပညာရေးအဆင့်တိုင်းတွင် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်ထားရှိရေးဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၁၁ အပိုဒ်ခွဲ(င)တွင်ပါရှိသော ပုဒ်မ ၄ ပုဒ်မခွဲ(ဠ)ကို တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်း စာမေးပွဲရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ် ရွေးချယ်ခြင်းမဟုတ်ဘဲ လက်ခံမည့်တက္ကသိုလ်၏ လိုအပ်ချက်အရစိစစ်ရွေးချယ်သည့်စနစ်ထားရှိရေးဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၁၁ အပိုဒ်ခွဲ(င)တွင်ပါရှိသော ပုဒ်မ ၄ ပုဒ်မခွဲ(ဍ)ရှိ မူလတန်းပညာရေး စကားရပ်ကို မူလတန်းအဆင့် ပညာရေးဟု ပြင်ဆင်ပါသည်။

(၁၃) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်ဖြစ်သော အပိုဒ် ၁၂ တွင် ပါရှိသည့် အခန်း(၄)၊ ပုဒ်မ ၅ သည် အမျိုးသားပညာရေး မူဝါဒကော်မရှင် ဖွဲ့စည်းခြင်းဖြစ်ခြင်း၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂတို့က ရွေးချယ်ပေးသော ပညာရှင်များဟု ထည့်သွင်းဖော်ပြခြင်းအားဖြင့် သမဂ္ဂမဟုတ်သော ဆရာများနှင့် ကျောင်းသားများကို ခွဲခြားသကဲ့သို့ဖြစ်နေခြင်း၊ ပညာရေးနှင့် သက်ဆိုင်သည့် အခြားအဖွဲ့အစည်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ခြင်းတို့ကြောင့် ပုဒ်မ ၅၊ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၅) နှင့် (၆)တို့တွင် ပယ်ဖျက်ပါသည်။

(၁၄) အပိုဒ် ၁၂ တွင်ပါရှိသော အခန်း(၄)၊ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)ရှိ သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီစကားရပ်ကို သင်ရိုးညွှန်းတမ်းကော်မတီဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၁၃ တွင် ပါရှိသော ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ရှိ နည်းဥပဒေများတွင် စကားရပ်ကို သက်ဆိုင်ရာ ပညာရေးဥပဒေများ၏ နည်းဥပဒေများတွင်ဟု ပြင်ဆင်ပါသည်။

(၁၆) တည်ဆဲဥပဒေ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၉ တို့ပါ ပြဋ္ဌာန်းချက်များသည် ပြည့်စုံပြီးဖြစ်ပါသဖြင့် အပိုဒ် ၁၄ နှင့် အပိုဒ် ၁၅ တို့ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၁၇) အပိုဒ် ၂၁ ကို အပိုဒ် ၁၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၂၇ ကို ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာ ရပ်တည်သော ကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည် ဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၂၂ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၈ (က) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများ သည်-

(က) သုတေသနနှင့် ပညာရပ် ဖွံ့ဖြိုးမှုကို ဦးစားပေး ဆောင်ရွက်ရမည်

(၁၉) အပိုဒ် ၂၂ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)ကို လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့် ရပ်တည်ရေးနှင့် သင်ယူလိုသူ၏ ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးရမည်ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၂၆ ကို အပိုဒ် ၂၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၃၈ ကို ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် ဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၂၆ ကို အပိုဒ် ၂၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) ကို ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည် ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၂၆ တွင် ပုဒ်မ ၃၈ ပုဒ်မခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၃) အပိုဒ် ၂၇ ကို အပိုဒ် ၂၅ ဟု လည်းကောင်း၊ အပိုဒ် ၃၀ ကို အပိုဒ် ၂၈ ဟု လည်းကောင်း ပြင်ဆင်၍ ယင်းအပိုဒ်များတွင် ပါရှိသော အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေး ကော်မတီ စကားရပ်ကို ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၄) အပိုဒ် ၂၈ ကို အပိုဒ် ၂၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉ တွင်- (က) ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)၊ (ည)နှင့်(ဋ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)တွင် ပါရှိသော ပုဒ်မ ၃၉ ပုဒ်မခွဲ(ဋ)ကို ပယ်ဖျက်ပါသည်။

(၂၇) အပိုဒ် ၂၉ ကို အပိုဒ် ၂၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင်ပါရှိသော ပုဒ်မ ၄၀ ကို ကော်မရှင်သည် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီကို သင့်လျော်သော ကျွမ်းကျင် ပညာရှင်များဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပါသည်။

(၂၈) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်ဖြစ်သော အပိုဒ် ၃၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ခ) အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာ စကားနှင့်အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်

(၂၉) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်ဖြစ်သော အပိုဒ် ၃၄ ပါ ပြဋ္ဌာန်းချက်များသည် တည်ဆဲဥပဒေ ပုဒ်မ ၁၉ တွင် ပါဝင်ပြီးဖြစ်သဖြင့် ပယ်ဖျက်ပါသည်။

(၃၀) အပိုဒ် ၃၈ ပါ ပြဋ္ဌာန်းချက်များသည် တည်ဆဲဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)တွင် ပါဝင် ပြီးဖြစ်သဖြင့် ပယ်ဖျက်ပါသည်။

(၃၁) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၉ တွင် ပါရှိသော ပုဒ်မ ၄၉-က နှင့် ပုဒ်မ ၄၉-ခ ပါ ပြဋ္ဌာန်းချက်များသည် ဒေသဆိုင်ရာ ပညာရေးလုပ်ငန်း များနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏

လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ကို ဝင်ရောက်စွက်ဖက်ရာ ရောက်ပါသဖြင့် အပိုဒ် ၃၉ ကို ပယ်ဖျက်ပါသည်။

(၃၂) အပိုဒ် ၄၀ ကို အပိုဒ် ၃၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၅၀ ပုဒ်မခွဲ(ခ)ကို သင်ယူမှုဖွံ့ဖြိုးရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိရမည်ဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၄၁ တွင် အသစ်ဖြည့်စွက်ချက်ဖြစ်သော ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်သည် ယခု ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ(ခ)နှင့် တူညီသည့်အပြင် အဆင့်မြင့် ပညာရေး အတွက် သတ်မှတ်ချက်များ ပါဝင်လာခြင်းသည် တက္ကသိုလ် ပဋိညာဉ်တွင် သတ်မှတ်ချက်များနှင့် ကွဲလွဲမှုရှိနိုင်၍ တည်ဆဲဥပဒေ ပုဒ်မ ၅၁ အတိုင်း ထားရှိရန်နှင့် ပုဒ်မ ၅၂ ပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် တည်ဆဲဥပဒေနှင့် တူညီနေခြင်း ဖြစ်၍ ယခု ပြင်ဆင်သည့်ဥပဒေတွင် ပယ်ဖျက်ခြင်း ဖြစ်ပါသည်။

(၃၄) အပိုဒ် ၄၂ ကို အပိုဒ် ၃၆ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည် -

၃၆။ အမျိုးသားပညာရေးဥပဒေ မူလပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၅၃။(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန် နှင့်အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

(ခ) ပညာရေးအဆင့် အသီးသီးတွင် ဘာသာရပ်အားလုံးကို တန်ဖိုး ထားပြီး သင်ကြားနေသော ဆရာများအကြား ခွဲခြားဆက်ဆံခြင်းမရှိစေရ။

(ဂ) ဆရာဖြစ်နိုင်ရေးအတွက် ဆီလျော်အပ်စပ်သော လုပ်ငန်းများတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားခြင်း မရှိစေရ။

(၃၅) အပိုဒ် ၄၃ ပါ ပြဋ္ဌာန်းချက်များထက် တည်ဆဲဥပဒေ ပုဒ်မ ၅၄ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်း ချက်သည် ပိုမိုသင့်လျော်ပါသဖြင့် ယခု ပြင်ဆင်သည့် ဥပဒေတွင် ပယ်ဖျက်ခြင်းဖြစ်ပါ သည်။

**မူကြမ်း**

(၃၆) အပိုဒ် ၄၄ ပါ ပြဋ္ဌာန်းချက်များထက် တည်ဆဲဥပဒေ ပုဒ်မ ၅၅ ပါ ပြဋ္ဌာန်းချက်သည် ပိုမို သင့်လျော်ပါသဖြင့် ယခု ပြင်ဆင်သည့် ဥပဒေတွင် ပယ်ဖျက်ခြင်း ဖြစ်ပါသည်။

(၃၇) အပိုဒ် ၄၆ ကို အပိုဒ် ၃၈ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည် -

၃၈။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစား ထိုးရမည်-

၅၆။(က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီတို့သည် သက်ဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ စီမံခန့်ခွဲရမည်။

(၃၈) အပိုဒ် ၄၆ တွင် ပါရှိသော ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များထက် တည်ဆဲဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် ပိုမိုသင့်လျော်ပါသဖြင့် ယခု ပြင်ဆင်သည့် ဥပဒေတွင် ပယ်ဖျက်ခြင်း ဖြစ်ပါသည်။

(၃၉) အပိုဒ် ၄၇ ကို အပိုဒ် ၃၉ အဖြစ် ပြင်ဆင်ပြီး၊ ခြေဆင်းအဖြစ် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ခ)နှင့်(ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ကာ ပုဒ်မခွဲ(ခ)အား ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက် ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့က ထူထောင်ဖွင့်လှစ် ထားသည့် အဆင့်မြင့်ပညာကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေများ နှင့်အညီ စီမံခန့်ခွဲရမည် ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၄၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဇ) ပညာသင်ကြားနေဆဲတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှု ရပ်တန့် ခဲ့ရသော ကျောင်းသားများနှင့်စပ်လျဉ်း၍ သင့်လျော်သော ပညာသင်ယူမှု

တစ်ခုခု ပြန်လည်ရရှိစေရေးအတွက် လိုအပ်သောအစီအမံများ သတ်မှတ်ထား ရှိခြင်း၊

(၄၁) အပိုဒ် ၄၈ တွင် ပါရှိသော အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)ကို မဟာဗျူဟာများ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း များ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံး လုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေး ဆိုင်ရာ လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ ကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူပြီး ပြည်သူလူထုထံ ကျယ်ပြန့်စွာ သိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၄၉ ပါ ပြဋ္ဌာန်းချက်ကို တည်ဆဲဥပဒေ ပုဒ်မ ၅၈ ပုဒ်မခွဲ(ဆ)အတိုင်းထားရှိသဖြင့် ယခု ပြင်ဆင်သည့် ဥပဒေတွင် ပယ်ဖျက်ပါသည်။

(၄၃) အပိုဒ် ၅၀ ကို အပိုဒ် ၄၂ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၆၀ ရှိ အမှီအခိုကင်းသော ပညာရှင် စကားရပ်ကို ကျွမ်းကျင်ပညာရှင်ဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၅၁ ကို အပိုဒ် ၄၃ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၆၂ ပုဒ်မခွဲ (က) ကို နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံ အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၅၃ ကို အပိုဒ် ၄၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) ရှိ တက္ကသိုလ်နှင့်ကောလိပ်များ စကားရပ်ကို တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၅၄ ကို အပိုဒ် ၄၆ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၆၄ ပုဒ်မခွဲ (ဂ) ကို ပုဒ်မ ၅၇ ပုဒ်မခွဲ(ခ)တွင် ပါဝင်သော အဆင့်မြင့်ပညာ ကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် မိမိတို့အတွက် နှစ်စဉ်ဘဏ္ဍာ ရန်ပုံငွေ လိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၇) အပိုဒ် ၅၆ တွင် ပါရှိသော ပုဒ်မ ၆၆ ပုဒ်မခွဲ(က)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဖြစ်သည့် အပြင် ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ကို ဖော်ပြသော ပုဒ်မ ၅၈ ပုဒ်မခွဲ(ဇ)တွင် အသစ်ဖြည့်စွက်ပြီး ဖြစ်သဖြင့် ယခု ပြင်ဆင်သည့်ဥပဒေ အပိုဒ် ၅၆ တွင် ပယ်ဖျက်ပါသည်။

(၄၈) တည်ဆဲဥပဒေ ပုဒ်မ ၆၉ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သုံးနှုန်းထားပြီး ဖြစ်ပါ သဖြင့် အပိုဒ် ၅၈ ကို ပယ်ဖျက်ပါသည်။

၅။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၆-၃-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပေးပို့လာ၍ ၃၀-၃-၂၀၁၅ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ထိုနေ့မှာပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီ၊ ကော်မရှင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ စိတ်ပါဝင်စားသူ ကိုယ်စားလှယ်များ တွေ့ဆုံရှင်းလင်းဆွေးနွေးခဲ့ကြတာရှိပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၃၀-၃-၂၀၁၅၊ ၃၁-၃-၂၀၁၅ နှင့် ၁-၄-၂၀၁၅ ရက်နေ့များမှာလည်း ညှိနှိုင်းဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပါတယ်။ ယနေ့ စိစစ်ဆောင်ရွက်ချက်များကို ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် သတင်း၊ မီဒီယာများတွင် ထည့်သွင်းဖော်ပြပေးမှာဖြစ်ပါတယ်။ ပွင့်လင်းမြင်သာ စွာနှင့် တာဝန်ယူ တာဝန်ခံ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၅-၄-၂၀၁၅ ရက်နေ့ (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာ ပါတယ်။

**ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးက မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးကျော်နိုင်ဌေးအား ဥပဒေကြမ်းတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားဂါရဝထားကြောင်းပါ။ ကျွန်တော့်အနေနဲ့ ဒီမတရားအသင်းများ အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို စတင်တင်သွင်းပြီးတော့မှ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကနေ လက်ခံဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့တာကြာပါပြီခင်ဗျား။ နှစ်နှစ်လောက်ရှိပါပြီ။ ၂၀၁၃ ခုနှစ်၊ မတ်လ မှာ ကျွန်တော်တို့ ဆဌမပုံမှန်အစည်းအဝေးမှာ ဒီဥပဒေက ကျွန်တော်တို့ နည်းနည်းလည်းကြာသွား ပြီဖြစ်တဲ့အတွက် ကျွန်တော့်ကိုအနည်းငယ်ရှင်းလင်းခွင့်ပြုပါခင်ဗျား။ ဒီဥပဒေဟာ ၁၉၀၈ ခုနှစ် ကတည်းက ရှိနေခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ မူရင်းဥပဒေကတော့ အင်္ဂလိပ်ဘာသာနဲ့ ဖြစ်ပါတယ်ခင်ဗျား။ The UNLAWFUL ASSOCIATIONS ACT ဆိုပြီး ဖြစ်ပါတယ်။ မတရားတဲ့အသင်းတွေ၊ ဥပဒေနဲ့ မညီတဲ့ အသင်းတွေနဲ့ပတ်သက်တဲ့ဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေမှာ အဓိက တိုတိုတင်ပြပါ့မယ်။

**မူကြမ်း**

ဆိုလိုရင်းကတော့ နိုင်ငံတော်အစိုးရကနေပြီးတော့မှ အချို့သောအဖွဲ့အစည်းများကို ဥပဒေနဲ့မညီတဲ့ အဖွဲ့အစည်း၊ မတရားအသင်းဆိုပြီးတော့ သတ်မှတ်ကြေညာနိုင်ပါတယ်။ အဲဒီလိုကြေညာလိုက်တဲ့ အချိန်မှာ အဲဒီအသင်းများနဲ့ပတ်သက်တဲ့ တစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခုဟာ အဲဒီဥပဒေပုဒ်မ အရတော့ ၁၇(၁)လို့ဖြစ်ပါတယ်။ ကျွန်တော်တို့အလွယ် ၁၇(၁)လို့ ခေါ်ကြပါတယ်။ အဲဒီတော့ ၁၇(၁) အရ ကျွန်တော်တို့ တရားစွဲဆိုခြင်းခံရနိုင်ပါတယ်။ ဒါက ဘာကိုပြလဲဆိုလို့ရှိရင် ဒီနေ့ ကျွန်တော်တို့ နိုင်ငံတော်မှာ အခုလက်ရှိဖြစ်နေတဲ့ ပြဿနာဖြစ်ပါတယ်။ လက်နက်ကိုင်တဲ့အဖွဲ့အစည်းတွေရှိပါ တယ်။ ဒါတွေက မငြိမ်းချမ်းမှုတွေကြောင့်ပဲဖြစ်ပါတယ်။ အဲဒီတော့ မငြိမ်းချမ်းမှုတွေရှိလာတဲ့အတွက် တစ်ဖက်မှာ ကျွန်တော်တို့လက်နက်ကိုင်အဖွဲ့အစည်းတွေရှိတယ်။ ဒီဥပဒေဟာ အလွန့်ကို တော်တော် လေးကို ထိရှလွယ်တဲ့ကိစ္စရှိပါတယ်။ တစ်ဖက်ကလည်း အဲဒီလိုအဖွဲ့အစည်းတွေကို အားပေးတဲ့သူ ရှိမယ်။ ဒါတွေကို အရေးယူဖို့လိုတယ်။ တစ်ဖက်ကလည်းပဲ အဲဒီအဖွဲ့အစည်းလေးတွေကို မတတ်သာ လို့လက်ခံပြီးတော့မှ ပတ်သက်နေရတဲ့ကိစ္စတွေရှိပါတယ်။ ဒါအပြစ်မဲ့ပြည်သူတွေပဲ။ ဒါပေမယ့် ဥပဒေ ပုဒ်မအရတော့ ကျွန်တော်တို့ အပြစ်မဲ့ပြည်သူတွေက မတတ်သာလို့ပတ်သက်နေရပေမယ့် ဒီဥပဒေနဲ့ အရေးယူခံနေရတယ်။ လက်တွေ့လည်း တကယ်ရှိပါတယ်။

ဒါကြောင့် ဒီဥပဒေကိုပြင်ဆင်ဖို့ကျွန်တော် ဥပဒေကြမ်းတင်သွင်းရခြင်းဖြစ်ပါတယ်။ အဲဒီ ဥပဒေကို ကျွန်တော်က ပြင်ဆင်တဲ့အခါမှာ ခုနကပြောတဲ့ အပြစ်မဲ့ပြည်သူတွေက ဒီလိုတရားဥပဒေနဲ့ မညီတဲ့၊ မတရားအသင်းလို့သတ်မှတ်ခံရတဲ့ အဖွဲ့အစည်းတွေနဲ့ပတ်သက်ရတဲ့အခါမှာ သူတို့ရဲ့ နေ့စဉ် ပုံမှန်စားသောက် သွားလာနေထိုင်ရေးကိစ္စအတွက်ပဲဖြစ်စေ၊ ဒါမှမဟုတ် သူတို့ရဲ့အသက်ဘေး အန္တရာယ်ကို ကြောက်ရွံ့ရတဲ့အတွက်ကြောင့်ဖြစ်စေ ဆက်ဆံပတ်သက်ရတယ်ဆိုရင် ဒီဥပဒေမှာပြဋ္ဌာန်း ထားတဲ့ ပြစ်မှုနဲ့အကျုံးမဝင်ပါဘူး။ ပြစ်ဒဏ်ထိုက်တယ်လို့လည်း မမှတ်ယူရပါဘူးဆိုပြီးတော့ ကျွန်တော်က ဒီဥပဒေကို ပြင်ဆင်ချက်တင်သွင်းလိုက်ပါတယ်။ ဥပဒေပုဒ်မ ၁၈ အထိရှိတဲ့အခါမှာ ကျွန်တော်က ၁၈ ရဲ့နောက်မှာ ပုဒ်မ ၁၉ အဖြစ်ဆိုပြီးတော့ ခုနက ကျွန်တော် တင်ပြခဲ့တဲ့စကားရပ် များကို အစားထိုးပြီးတော့ ဒီဥပဒေကို ပြင်ဆင်လိုပါတယ်။ တကယ်လို့သာ ဒီဥပဒေဟာအတည်ဖြစ်ခဲ့ မယ်ဆိုရင် အပြစ်မဲ့တဲ့ပြည်သူများဟာ ဒီဥပဒေရဲ့ ဒုက္ခကိုမခံစားရတော့ပါဘူး။ မငြိမ်းချမ်းမှုတွေရှိနေ တာတော့ရှိနေဦးမှာပါပဲ။ ဒါတွေကို ကျွန်တော်တို့ မကြာခင်ပြေလည်သွားမယ်လို့လည်း ယုံကြည်ပါ တယ်။ သို့သော် ဒီကြားကာလမှာ မတတ်သာလို့ ပတ်သက်ရပါတယ်ဆိုတဲ့ ပြည်သူတွေဟာ ဒုက္ခခံနေရ တုန်းပါ။ ဒီဥပဒေကို ပြင်ဆင်နိုင်မှ သာလျှင် ကျွန်တော်တို့ ပြည်သူများ စိတ်ချမ်းသာရပါမယ်။ ဒါကြောင့်

ဒီဥပဒေကြမ်းကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖို့တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆွေးနွေးပေးဖို့ရန်အတွက်ကို တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က တင်သွင်းသော မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ် တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး တင်သွင်းသော မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်ဖြစ်သည့် ၈-၃-၂၀၁၃ ရက်နေ့တွင် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၄-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေး

ကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့် မူ(၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ဤပြင်ဆင်သည့် ဥပဒေကြမ်း၏ မူလဥပဒေမှာ (The UNLAWFUL ASSOCIATIONS ACT (India Act XIV, 1908) [11th December 1908]) ဖြစ်ပါသည်။

(ခ) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် ဤဥပဒေကို ပြင်ဆင်မည်ဆိုပါက ပြင်ဆင်လိုသည့် အပိုဒ်နှင့် အပိုဒ်ခွဲများကို အင်္ဂလိပ်ဘာသာဖြင့်သာ ပြုစုတင်ပြရန် လိုအပ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ပြုစုတင်ပြနိုင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က တင်သွင်းတဲ့မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူရင်းဥပဒေမှာ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားခြင်းဖြစ်၍ ပြင်ဆင်သည့်ဥပဒေကြမ်းကိုလည်း အင်္ဂလိပ်ဘာသာဖြင့်ပြုစုပြီးမှသာ ပြန်လည်တင်ပြရန် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသွားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းတင်သွင်းသူ ဦးကျော်နိုင်ဌေးရဲ့သဘောထားကို သိလိုပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နည်းနည်းလေးတော့ စကားရှည်ပါရစေခင်ဗျား။ ကျွန်တော်တို့အခုဖြစ်နေတဲ့ အခြေအနေက မတရားအသင်းများ အက်ဥပဒေလို့ခေါ်တာကိုက ကျွန်တော်တို့ခေါ်ပိုင်ခွင့်မရှိပါဘူး။ ဥပဒေသဘောနဲ့ ပြောမယ်ဆိုရင်။ မူရင်းဥပဒေက အင်္ဂလိပ်လိုပဲ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က မြန်မာလို မတရားအသင်းများအက်ဥပဒေလို့ ပြောပြောနေပါတယ်။ ထပ်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် မတရားအသင်းများအက်ဥပဒေလို့ ပြောတာကိုက ဥပဒေအရတရားမဝင်ပါဘူး။ မူရင်းဥပဒေက အင်္ဂလိပ်လိုဖြစ်ပါတယ်။ အင်္ဂလိပ်လိုဖြစ်တဲ့အခါကျတော့ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာမှာ အင်္ဂလိပ်လို

ပြန်လည်ပြုစုသင့်တယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ သို့သော်လည်း လက်ရှိဖြစ်နေတာကတော့ ဥပဒေတွေဟာ တော်တော်များများသည် ဒီဟိုးအရင့်အရင်ခေတ်ကတည်းက ကျွန်တော်တို့ တိုင်းပြည်မှာ အတည်ဖြစ်လျက်ရှိနေပြီးတော့ ဒီနေ့ထိ ကျွန်တော်တို့ ကျင့်သုံးနေလျက်ပဲဖြစ်ပါတယ်။ တရားမကျင့်ထုံးဥပဒေဆိုတာ ကျွန်တော်တို့ ဒီနေ့ခေါ်ခေါ်နေကြပါတယ်။ တကယ်တမ်းတရားမကျင့်ထုံးဥပဒေဆိုတာ မူရင်းက အဲဒီလိုမဟုတ်ပါဘူး။ The Code of Civil Procedure ပါ။ အဲဒီ The Code of Civil Procedure ကိုပဲ မြန်မာလိုဆီလျော်အောင် ပြောလိုက်ကြတယ်။ ကျွန်တော်တို့ တရားဥပဒေမှာလည်းဒီလိုပဲ သုံးနှုန်းပါတယ်။ ပထမပိုင်းမှာ ကျွန်တော်တို့က ကပြားသုံးတယ်။ အရှေ့ကနေပြီးတော့ The Code of Civil Procedure ရဲ့ Order ဘယ်လောက် ဘာညာပေါ့လေ။ ဒါကိုပြီးတော့မှ မြန်မာလိုပြန်ပြောပါတယ်။ အခုလည်းပဲ ကျွန်တော်တို့ ဒီ UNLAWFUL ASSOCIATIONS ACT Section ဘယ်လောက်ပါ။ ဒါကိုပဲ ကျွန်တော်တို့မတရားအသင်းအက်ဥပဒေပါ။ တရားဥပဒေနှင့် မညီညွတ်သောအသင်းများဥပဒေ ဒီလိုမျိုးကျွန်တော်တို့ ပြောကြပါတယ်။ မှန်ပါတယ်ခင်ဗျား။ အင်္ဂလိပ်လို ပြင်ဆင်ပြုစုသင့်တယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ တစ်ဖက်ကလည်းပဲ ဖြစ်နေတဲ့အခြေအနေကတော့ ကျွန်တော်တို့က မတတ်သာလို့ မြန်မာလိုပြောနေရပါတယ်။ ဆိုလိုချင်တာကတော့ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်းပဲ I'm not good at English ပါ။ ဒါပေမယ့် I'll do my best အင်္ဂလိပ်လိုပြန်လည် တင်ပြနိုင်ဖို့ရာကျွန်တော်ကြိုးစားပါမယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးကျော်နိုင်ဌေး ရှင်းပြတာ လက်ခံပါတယ်။ တကယ်တော့ မြန်မာစာသည် ရုံးသုံးစာဖြစ်နေတဲ့အတွက် ကျွန်တော်တို့ မြန်မာလိုပဲ မြန်မာမှုပြုပြီး သုံးနှုန်းနေတာဖြစ်ပါတယ်။ ဒီဥပဒေတွေကလည်းပဲ ယခင်ကတည်းက ဆင်းသက်လာခဲ့တဲ့ ဥပဒေတွေကို ကျွန်တော်တို့ ဆက်ခံပြီး ကျင့်သုံးနေကြရတာဖြစ်တယ်။ ဒါကြောင့်မို့လို့ မဆီလျော်တဲ့ဥပဒေတွေကိုလည်း နိုင်ငံသူနှင့်နိုင်ငံသားများအတွက်၊ နိုင်ငံတော်အတွက် မလိုအပ်တဲ့အနှောင့်အယှက်ဖြစ်နေတဲ့ ဥပဒေတွေကိုလည်း ပယ်ဖျက်ဖို့၊ ပြင်ဆင်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ရဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း အမြဲတမ်းကြိုးစားပြီးတော့ စီစဉ်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနကပြောတဲ့ မတရားအသင်းအက်ဥပဒေကို ခေါ်တာကိုကဆိုတော့ သူ့ဟာသူ အင်္ဂလိပ်လိုကတော့ ပြဋ္ဌာန်းထားတာပါပဲ။ ဒါကို ကျွန်တော်တို့ အင်္ဂလိပ်လိုတွေလိုက်ပြောနေရမယ်ဆိုရင် မဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာမှုပြုပြီး မြန်မာအမည်နဲ့ ပေးထားတာပါ။ သို့သော်လည်း တကယ်သုံးနှုန်းရမယ့် အနှစ်ဖြစ်တဲ့ ဥပဒေအကြောင်း

အရာကိုတော့ အင်္ဂလိပ်လိုပဲပြဋ္ဌာန်းထားတာကို မပယ်ဖျက်ရသေးတဲ့အတွက် ဒီဟာကို အင်္ဂလိပ်လို ပြင်ဆင်ဖို့ ကျွန်တော်တို့ ပြောတာပါ။ အကယ်၍များ တစ်ရပ်လုံးကိုပဲ မြန်မာမှုပြုပြီးတော့ မြန်မာလိုပဲ ပြင်ဆင်ပြီးတော့ ရေးသားမယ်ဆိုရင် ကျွန်တော်တို့ ဒီဟာပြည့်စုံသွားပြီဆိုတာနဲ့ ဒီအင်္ဂလိပ်လို ရေးထားတဲ့ မူရင်းဥပဒေကြီးကို ၁၉၀၈ ခုနှစ်က ဖြစ်တဲ့အတွက် ဆရာလိုပဲ အင်္ဂလိပ်စကားလိုက်ပြောရင်တော့ ခေတ်ဟောင်းသွားပါပြီ။ Obsolete ဖြစ်သည်လို့ ကျွန်တော်တို့ ပြောမှာပေါ့။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒီဟာကို ခေတ်နှင့်အံမဝင်ဂွင်မကျတော့ဘူးဆိုရင်တော့ မဆီလျော်တော့ရင် ကျွန်တော်တို့ ပယ်ဖျက်ပြီး ကျွန်တော်တို့ အသစ်ရေးဆွဲရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးကျော်နိုင်ဌေးပြောတဲ့ သဘောထားကလည်း ကျွန်တော်ထင်တယ်။ ဦးကျော်နိုင်ဌေးရဲ့အဆိုပြုချက်ကို ပြန်ရုပ်သိမ်းတာလို့ ကျွန်တော်နားလည်ပါတယ်။ ဟုတ်ပါသလား။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဟုတ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး တင်သွင်းခဲ့တဲ့ မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ရုပ်သိမ်းရန်တင်ပြခြင်းကို အတည်ပြုဖို့အတွက် ကျွန်တော်တို့ လွှတ်တော်ရဲ့သဘောထားကိုရယူပါမယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ရုပ်သိမ်းတာ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်က သဘောတူပါသလားလို့ပဲ မေးရပါသေးတယ်။ အဲဒီတော့ သဘောမတူတဲ့သူရှိလား။ ရှိရင်အကျိုးအကြောင်းပြောပါ။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ လွှတ်တော်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွှတ်တော်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တရားဝင်စာပေဟာ မြန်မာဘာသာစာပေ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဒီဥပဒေတွေကို အခုခေတ်နှင့်မလျော်ညီတာတွေကို ပြန်လည်ပြီးတော့ ပြင်ဆင်ဖို့ ကိစ္စတွေမှာ ကျွန်တော်တို့ အခြေအနေ၊ အချိန်အခါနှင့်အညီ အရေးတကြီး လိုအပ်နေတဲ့ဟာတွေလည်း ရှိပါတယ်။ အဲဒီတော့ အဲဒီဟာကို ကျွန်တော်တို့က နိုင်ငံရဲ့ တရားဝင်ရုံးသုံးဘာသာစကားကလည်း မြန်မာဘာသာဖြစ်ပြီးတော့ အရေးတကြီးလိုအပ်နေတဲ့ အချိန်မှာ ဒီဟာကို အကြောင်းပြုပြီးတော့ ဒီလိုအင်္ဂလိပ်ဘာသာနဲ့ ပြန်လည်ပြုစုတင်ပြပါဆိုတဲ့ဟာကတော့ မသင့်လျော်

ဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလို အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေအများ အပြားရှိပါတယ်။ ဒါတွေကို ပြင်ဆင်ဖို့ ကျွန်တော်တို့လွှတ်တော်က တာဝန်ရှိပေမယ့်လည်း ယနေ့ ထက်ထိ တက်တက်ကြွကြွမြန်မြန်ဆန်ဆန်လုပ်တာလည်း မရှိပါဘူး။ အဲဒီလိုဖြစ်နေတဲ့အခါမှာ ဒီဟာကို ကျွန်တော်တို့က ခွင့်ပြုလိုက်လို့ရှိရင် အခုဒါဆိုရင် ကျွန်တော်ထင်တာ ပထမဦးဆုံး ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ဖို့အတွက် ကြိုးပမ်းချက်ဖြစ်ပါတယ်။ အရင်တစ်ခေါက်လည်း ကျွန်တော် သတိထားမိ လိုက်တာ ဦးသိန်းညွန့်တင်ပြတဲ့အချိန်မှာ ဒုတိယဥက္ကဋ္ဌကပဲ အဲဒီလိုမှတ်ချက်နဲ့ ပယ်ချလိုက်တာ ကျွန်တော်သတိထားမိပါတယ်။ ဒါမဖြစ်သင့်ဘူးလို့ ကျွန်တော်ထင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီဟာကို ပြင်ဆင်မယ့်အချိန်မှာ ဆွေးနွေးကြရင်းနဲ့ အင်္ဂလိပ်လို ဦးကျော်နိုင်ဌေး တင်ပြတဲ့ဥစ္စာက တစ်ပိုဒ်ပဲရှိပါတယ်။ ဒါလေးကို ဝိုင်းပြီးရေးပြီးတော့ အင်္ဂလိပ်လိုလည်းရေးပြီးတော့ ကျွန်တော်တို့ တင်လို့ရှိရင်လည်း ဖြစ်တာပါပဲ။ တကယ်တမ်းအမှုစစ်ဆေးတဲ့အခါမှာ မြန်မာလိုစစ်ဆေးကြတာပါ။ အဲဒီတော့ ဒါနဲ့ကျွန်တော်တို့ထပ်ပြီးတော့ အချိန်ယူဦးမှာလား။ ယနေ့ ကျွန်တော်တို့ ဒေသတွေမှာ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အများကြီး ပြဿနာတက်နေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တော့ ဦးကျော်နိုင်ဌေးက၊ ကာယကံရှင်က ရုပ်သိမ်းပေမယ့် ကျွန်တော်ဒီအဆိုကို ရုပ်သိမ်းတာကိုလည်း ကန့်ကွက်ပါတယ်။ ဥပဒေနှင့်အညီ ကျွန်တော့်ရဲ့ ဒီကန့်ကွက်ချက်ကို ဆုံးဖြတ်ပေးပါရန် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆွေးနွေးပေးတဲ့ ကိုယ်စားလှယ်ကြီး ဦးရဲထွန်းကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ ကိုယ်စားလှယ်ကြီးဦးရဲထွန်းပြောသွားတဲ့စကားလေးတွေ၊ ကိုယ်ပြောသွားတဲ့စကားသာ ကိုယ်ပြန်မှတ်မိမယ်ဆိုရင် ကျွန်တော်တော်တော်လေး စိတ်မကောင်းတဲ့ကိစ္စလေးတွေ ရှိပါတယ်။ (၁)ကတော့ ကျွန်တော်တို့လွှတ်တော်ကြီးက တက်တက်ကြွကြွမြန်မြန်ဆန်ဆန်လုပ်တာမရှိဘူးလို့ ပြောသွားတယ်။ လွှတ်တော်ကြီးတစ်ခုလုံးကို ဦးရဲထွန်း စွပ်စွဲလိုက်တာဖြစ်ပါတယ်။ ကျန်တဲ့ ကိုယ်စားလှယ်များလည်း ခံစားကြည့်ကြပါ။ ဘယ်လောက်ထိ အလုပ်လုပ်နေရသလဲဆိုတာကို ကိုယ်စားလှယ်ကြီးဦးရဲထွန်း ကိုယ်တိုင်မပါလို့များလားတော့မသိဘူး။ ဒါမှမဟုတ် ကိုယ်စားလှယ်ကြီး ဦးရဲထွန်းဟာ ငယ်ရွယ်တက်ကြွဖျက်လတ်ပြီး သန်မာနေလို့လားတော့မသိဘူး။ ကျန်တဲ့ကိုယ်စားလှယ် များကိုမေးကြည့်ပါ။ ဘယ်လောက်ထိပင်ပန်းနေကြသလဲဆိုတာ အကုန်လုံးသိပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်ကြီးက ကျွန်တော်တို့ မပင်ပန်းဘူးလို့ထင်ပြီးတော့ ပြောလိုက်ပေမယ့်လည်း တကယ် တမ်းပြောရရင်တော့ တကယ်တမ်းသာ တက်တက်ကြွကြွနဲ့ ကျွန်တော်တို့ လုပ်နေခဲ့ကြတာဆိုရင်တော့

ဒါလွှတ်တော်ကြီး တစ်ခုလုံးကို အပြစ်တင်လိုက်တယ်လို့ပြောမလား။ စော်ကားလိုက်တယ်လို့ပဲ ပြောမလားတော့မသိဘူး။ ကျွန်တော်ကတော့ တော်တော်လေးခံစားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်တကယ်ကြွကြွ မြန်မြန်ဆန်ဆန်လို့ပြောတာဟာ တစ်ယောက်တည်းလည်းမဟုတ်ဘူး။ လွှတ်တော်ကြီးကို ပြောလိုက်တာဖြစ်ပါတယ်။ ဒါတစ်ချက်ပါ။ နောက်တစ်ခုက ဦးသိန်းညွန့်ကိစ္စတုန်းကလည်းပဲ ဒုတိယဥက္ကဋ္ဌကြီးက ပယ်ချလိုက်တယ်လို့ပြောတော့။ ကျွန်တော်ပယ်တာမဟုတ်ပါဘူး။ ဦးသိန်းညွန့် ပြန်ရုပ်သိမ်းသွားတာပါ။ ကျွန်တော်တို့က ပြောပြီးပါပြီ။ အားလုံးရဲ့သဘောတူညီချက်နဲ့ပဲ ကျွန်တော်တို့ လုပ်တာ ကျွန်တော်တို့မှာ ဘာမှတစ်ယောက်ထဲက ဆုံးဖြတ်တယ်ဆိုတာ ကျွန်တော်တို့ မလုပ်ဘူး။ အဲဒါလည်းပဲ ဆရာဦးရဲထွန်း လွှတ်တော်ကိုယ်စားလှယ်ကြီး နားလည်ဖို့လိုပါတယ်။ ဦးသိန်းညွန့် ကိုယ်တိုင်လည်း ဒီမှာရှိပါတယ်။ ဦးသိန်းညွန့်ကိုယ်တိုင်ကပဲ ပြန်ရုပ်သိမ်းသွားတာပါ။ ဒီနေရာမှာ နမူနာသဘောနဲ့ ပြောရရင်တော့ ဦးသိန်းညွန့် တင်ပြတဲ့ဟာက မြန်မာလိုဖြစ်နေပါတယ်။ လက်ရှိ အတည်ပြုပြဋ္ဌာန်းထားတာက အင်္ဂလိပ်လိုဖြစ်နေတယ်။ ကျွန်တော်တို့ မပယ်ဖျက်ရသေးတဲ့အတွက်၊ အခုလည်းမပယ်ဖျက်ရသေးတဲ့အတွက် အင်္ဂလိပ်လိုဖြစ်နေတယ်။ ဒါကြောင့်မို့လို့ အဲဒီဟာကို ပြင်ဆင်မယ်ဆိုရင် ဒီတစ်ပိုဒ်တည်းမဟုတ်ဘဲနဲ့ ပြည့်စုံအောင်မြန်မာမှုပြုပြီးတော့ အကုန်လုံးပြင်ဆင်မယ်ဆိုရင် ကျွန်တော်အခုနကပဲတင်ပြခဲ့ပါတယ်။ အကုန်လုံး အဟောင်းကိုရုပ်သိမ်းပြီး အသစ်ကို ကျွန်တော်တို့ အသုံးပြုလို့ရပါတယ်။ ဒီနေရာလေးတစ်ပိုဒ်ထဲကိုပဲပြောရရင် အနောက်တိုင်းဝတ်စုံနဲ့ လုံချည်ကြီးနဲ့ လိုပဲ နက်ကတိုင်တပ်ပြီးတော့ အောက်ကပုဆိုးကြီးနဲ့သွားနေသလိုဖြစ်နေမှာပေါ့ခင်ဗျား။ ဘယ်လို ထည့်မလဲလို့ ကျွန်တော်တို့ကမေးတာ။ အင်္ဂလိပ်လိုရေးထားတဲ့ထဲမှာ မြန်မာလိုသွားထည့်မယ်ဆိုရင် မြန်မာစာကတော့ ကျွန်တော်တို့ မြန်မာစာရုံးသုံးစကားဖြစ်တဲ့အတွက် မြန်မာလိုပဲ ပြောဆိုဆုံးဖြတ်နေကြတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အဲဒီတုန်းကလည်း ပြောခဲ့တယ်။ ပြစ်မှုဆိုင်ရာ ဥပဒေကြီးဟာ ရှိနေပါတယ်။ ခဏလေးထိုင်ပါ။ ပြစ်မှုဆိုင်ရာဥပဒေကြီးဟာလည်း ဒီတိုင်းပဲ မပြင်ဆင်ရသေးတဲ့အတွက် ဒီဟာက မြန်မာဘာသာပြန်ထားတာဟာ တရားဝင်ပြဋ္ဌာန်းထားတဲ့ဥပဒေမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ မြန်မာလိုတရားဝင်ပြဋ္ဌာန်းတဲ့ဥပဒေဖြစ်အောင် လုပ်ပေးကြပါလို့ ကျွန်တော်တို့ အမြဲတမ်းပြောပါတယ်။ အဲဒီတော့ အရေးတကြီးလိုအပ်နေတယ်ဆိုတဲ့ဟာတွေရှိရင် ပြင်ဆင်ဖို့လိုတယ်၊ ပယ်ဖျက်ဖို့လိုတယ်ဆိုတာရှိရင်လည်း ကျွန်တော်တို့ အရေးတကြီးတွေ ပြင်ဆင်ကြ၊ ပယ်ဖျက်ကြ၊ တင်ပြနေတာ။ ကိုယ်စားလှယ်ကြီးဦးသိန်းညွန့်ဆိုရင် အများဆုံးဥပဒေတွေကို ပြင်ဆင်ဖို့အတွက်ကို သူတင်ပြခဲ့တာပါ။ အဲဒီတော့ ဦးရဲထွန်းအနေနဲ့ ခုနက သဘောမတူဘူးဆိုတဲ့ဟာကို လွှတ်တော်က

ဆုံးဖြတ်ဆို ကျွန်တော် လွှတ်တော်က ဆုံးဖြတ်ပါမယ်။ ဦးရဲထွန်းကိုလည်း ကျွန်တော် ပြောခွင့်ပေးခဲ့ပြီး ပါပြီ။ အဲဒီတော့ ကျွန်တော်တို့ ဒီဟာကိုပဲ မဲခွဲပြီးဆုံးဖြတ်ပါမယ်။ အဲဒီတော့ မဲပေးဖို့အတွက် အသင့် ပြင်ဖို့ ဖြစ်ပါတယ်။ အားလုံး မဲပေးဖို့အတွက် အသင့်ပြင်ကြပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်က ကိုယ်စားလှယ်ဦးကျော်နိုင်ဌေးက မတရား အသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခဲ့ပါတယ်။ ခုန ပြန်လည်ရှင်းပြတဲ့အခါမှာ ဥပဒေကြမ်းတင်သွင်းတဲ့ ဦးကျော်နိုင်ဌေးရဲ့ သဘောထားကလည်းပဲ ပြင်ဆင်ပြီးမှ ပြန်တင်ပါ့မယ်။ ပြန်လည်ရုပ်သိမ်းဖို့ သဘောတူပါတယ်။ ပြန်လည်ရုပ်သိမ်းပါတယ်လို့ ပြောဆိုခဲ့ပြီးပါပြီ။ ဒါကြောင့်မို့လို့ ဒီအဆိုအား ဦးကျော်နိုင်ဌေး တင်သွင်း တဲ့ဥပဒေကို ဦးကျော်နိုင်ဌေးကပဲ ပြန်လည်ပြီး ရုပ်သိမ်းသွားပါတယ်။ ရုပ်သိမ်းရန်ဆိုတဲ့အဆို ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို မူတည်ပြီးတော့ ကျွန်တော်တို့ သဘောထားကို ရယူမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ ၂၈၃ မဲ၊ ကန့်ကွက်မဲ ၁၃ မဲ၊ ကြားနေ ၁၂ မဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို ပြန်ရုပ်သိမ်းဖို့အတွက် ထောက်ခံဆန္ဒမဲများတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်က ပြန်လည်ရုပ်သိမ်းရန်အတွက် သဘောတူတဲ့အတွက် ဦးကျော်နိုင်ဌေးတင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းရန် တင်ပြခြင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း နှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခုကိုလည်း ပေးပို့ထားပါတယ်။ အဲဒီဥပဒေကတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့အတွက် ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါ တယ်။

**မူကြမ်း**

**ဦးသိန်းညွန့်(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရင်ဆုံး ကျွန်တော် တင်ပြချင်တဲ့အချက် ကတော့ ဒီဥပဒေကြမ်းကို ဆွေးနွေးခွင့်ပေးတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရော၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးကိုရော ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ ကျွန်တော်တို့ တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း အတည်ပြု လက်မှတ်ရေးထိုးပြီးတဲ့ကာလ နိုင်ငံရေးပတ်ဝန်းကျင်မှာ ဒီလိုဥပဒေမျိုးကို ကျွန်တော်တို့ လွှတ်တော် ကြီးက ဆွေးနွေးပေးတာကိုက ကျွန်တော်တို့ လွှတ်တော်သည် ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးရေးမှာ အဓိက သော့ချက်ဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ကျွန်တော်တို့ အလေးထားတယ်ဆိုတာ ဖော်ပြပါတယ်။ ဒီနေ့ ကျွန်တော်တို့ နှစ်ပေါင်း ၆၀ ကျော် နိုင်ငံရဲ့ဖွံ့ဖြိုးရေးကိုလည်း ထိခိုက်၊ ပြည်သူလူထု အထူးသဖြင့် တိုင်းရင်းသားတွေရဲ့ နေ့စဉ်ဘဝကို ခြိမ်းခြောက်နေတဲ့ကာလကြီးမှာ ဒီမတရားအသင်း ဥပဒေနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ အလေးအနက် ပြန်စဉ်းစားရမယ့်အချိန်ရောက်ပါပြီ။ အဲဒါကြောင့် ဆွေးနွေးခွင့်ကိုပေးတဲ့ ဥက္ကဋ္ဌကြီးကိုရော၊ ဒုတိယဥက္ကဋ္ဌကြီးကိုရော ကျေးဇူးတင်ကြောင်း ကျွန်တော် ဒုတိယအကြိမ် ထပ်ပြောပါရစေ။

လေးစားရသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကြီးကလည်း ဒီဥပဒေကြမ်းနှင့်ပတ်သက် ပြီးတော့ အချိန်ကာလကြာခဲ့တဲ့အတွက် နောက်ကြောင်းလေးတချို့ကိုတော့ ကျွန်တော် ပြန်လည်တင်ပြ ပါရစေ။ တကယ်ပြောမယ်ဆိုရင် ကျွန်တော် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ စတုတ္ထအကြိမ် လွှတ်တော်မှာ ကတည်းက ဒီဥပဒေကို ရုပ်သိမ်းဖို့ ကျွန်တော်တင်ပြခဲ့ပါတယ်။ အဲဒီတုန်းက ဘာကြောင့်ရုပ်သိမ်း သင့်တယ်ဆိုတဲ့ရည်ရွယ်ချက်ကိုလည်း ကျွန်တော်ဖော်ပြခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုရင် ၁၉၀၈ ဆို ကတည်းက ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဆိုတာ ပေါ်နေပါတယ်။ အဲဒီအပြင် အဲဒီကာလက အရေးကြီးတင်ပြခဲ့တဲ့အချက်က မျက်မှောက်ကာလ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဦးတည်ဆောင် ရွက်နေသည့်အချိန်တွင် ဤဥပဒေသည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာမည့်အင်အားစုများ အတွက် လိုအပ်မှုမရှိသဖြင့်ဆိုတာ ဥပဒေရဲ့ရည်ရွယ်ချက်ကို ကျွန်တော် အလေးအနက်ထောက်ပြခဲ့ပါ တယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ၁၇-၇-၂၀၁၂ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ ဆွေးနွေးတဲ့အခါမှာ ဥပဒေကြမ်းကော်မတီက ၂၁-၁-၂၀၁၃ တင်သွင်းတဲ့ အစီရင်ခံစာအရပင်လျှင် ဒီဥပဒေကို ဆွေးနွေးခွင့်ရတဲ့အချိန်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ အမြော်အမြင်ရှိသည့် ဆွေးနွေးနိုင်အောင် ဆုံးဖြတ်ပေးမှု၊ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က

တိုင်းရင်းသားဒေသ သဘာဝနှင့်စပ်ပြီးတော့ ဒီဥပဒေကို လွှတ်တော်ကြီးက မဆွေးနွေးဘဲ ပယ်ဖျက်မယ့် အစား ဆွေးနွေးဖို့တင်ပြခဲ့တဲ့ ဒေါ်နန်းဝါနု၊ ဒီလိုလွှတ်တော်ကိုယ်စားလှယ်တော်တွေရဲ့ ပူးပေါင်း ပါဝင်မှုနှင့် ဒီဥပဒေကြမ်းကိုရော ဆွေးနွေးခွင့်ရခဲ့ပါတယ်။ သို့သော် ဆွေးနွေးတဲ့အခါမှာ ဥပဒေကြမ်း ကော်မတီကနေ ဒီဥပဒေအားလုံးကို လောလောဆယ် ရုပ်သိမ်းဖို့မသင့်သေးပါဘူး။ ဒါပေမယ့် ဒီဥပဒေကြောင့် မတရားနစ်နာဆုံးရှုံးမှုမဖြစ်ပွားစေရန် ပြင်ဆင်သင့်သည့်အချက်အလက်များကို ထည့်သွင်းပြဋ္ဌာန်းနိုင်ဖို့ မတရားအသင်းများအက်ဥပဒေကို ပြင်တဲ့ဥပဒေအဖြစ်သာ တင်သွင်း ဆောင်ရွက်သင့်ကြောင်း သဘောထားပေးခဲ့ပါတယ်။

လေးစားရသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ရိုးရိုးသားသားပဲ ဒီလိုပြင်လို့ရရင် နောက်တစ်ပတ်လွှတ်တော်မှာ ပြင်မှာပေါ့။ ဒါပေမယ့် ကျွန်တော် ရန်ကုန်ပြန်သွားတဲ့ အချိန်မှာပဲ ၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှာ ဒီဥပဒေနှင့်ပတ်သက်ပြီး မတရားအသင်းများအက် ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ)ကို ပြင်ဆင်သည့်ဥပဒေကြမ်းပေါ့။ အခုနက ရုပ်သိမ်းထားတဲ့ ဦးကျော်နိုင်ဌေးရဲ့ တင်ပြတဲ့ဥပဒေကြမ်းကို ကျွန်တော် ဖတ်ရပါတယ်။ အဲဒီတော့ သူကတော့ ဒီဥပဒေ ၁၈ ခုမှာ ပုဒ်မ ၁၉ မှာ အပိုဒ်တစ်ပိုဒ်ထည့်ခဲ့ပါတယ်။ ဒါကတော့ သူရုပ်သိမ်းပြီဆိုတော့ ကျွန်တော် ဖတ်မပြတော့ပါဘူး။ သို့သော် ကျွန်တော့်အနေနဲ့ကတော့ ဒီဥပဒေဟာ အင်မတန်အရေးကြီးတဲ့အတွက် ပြင်သင့်ပြင်ထိုက်တာများကို သေသေချာချာပြင်ဖို့လိုတယ်ဆိုတဲ့အတွက် ကျွန်တော် ရန်ကုန်ကနေပဲ ၂၀၁၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ စာတိုက်နဲ့ ကျွန်တော် ပြည်သူ့လွှတ်တော်ကြီးကို ပေးပို့ခဲ့ပါတယ်။ သို့သော် အဲဒီအချိန်မှာ ကျွန်တော့် ဥပဒေကြမ်းက အဲဒီကစပြီးတော့ အခုကာလမှာမှ ပြန်ပြီးဆွေးနွေး ခွင့်ရတဲ့အတွက် ကျွန်တော် အင်မတန်မှ ကျေနပ်အားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ ကျွန်တော် တိုင်းပြည်အခြေအနေက ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရရှိဖို့ ကျွန်တော်တို့ ကူညီဆောင်ရွက်ပေးရမယ့်အချိန်မှာ ဒီဥပဒေကြောင့် ခံစားနေရတဲ့ ပြည်သူလူထု၊ ခံစားနေရတဲ့ အဖွဲ့အစည်းတွေကြားထဲမှာ ကျွန်တော်တို့ ဥပဒေကြောင်းအရ ဘာလုပ်ပေးနိုင်မလဲ။ ဒါတွေကို အလေးအနက်ဆောင်ရွက်ဖို့ လွှတ်တော်လမ်းကြောင်းကနေ ဆောင်ရွက်သင့်တယ်လို့ ထင်တဲ့အတွက် ကျွန်တော့် ဥပဒေမှာ ကျွန်တော်က ဒီမတရားအသင်းများအက်ဥပဒေ ပုဒ်မ ၁၈ ကို ဒီဟာကတော့ ကျွန်တော် မြန်မာလိုပဲ ဖတ်ပြပါမယ်။ ဒါကလည်း ဖောင်ကြီးတက္ကသိုလ်မှာ အထူးဥပဒေအနေနဲ့ ဟိုခေတ်ဟိုအခါက ဥပဒေပညာရှင်ကြီးကိုယ်တိုင် မြန်မာလို ဘာသာပြန်ခဲ့တာပါ။ သူက ပုဒ်မ ၁၅ (၂)ခုမှာ (က)နှင့် (ခ)မှာ မတရားအသင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖွင့်ထားတဲ့အခါမှာ မတရားအသင်း

ဆိုသည်မှာ ရုန်းရင်းကြမ်းတမ်းမှုများနှင့် ခြိမ်းခြောက်မှုများကို ကျူးလွန်ရန်အားပေးသော သို့တည်း မဟုတ် ကူညီသောအဖွဲ့အစည်း သို့တည်းမဟုတ် ထိုကဲ့သို့ ပြုမူချက်ကို ပြုကျင့်လေ့ရှိသော အဖွဲ့ဝင်များပါဝင်သော အသင်းဖြစ်သည်။

နောက် ပုဒ်မ ၁၅ (၂)မှာတော့ ဒီဥပဒေအရ မတရားအသင်းအဖြစ် ကြေညာနိုင်တဲ့ပုဂ္ဂိုလ်ဟာ ထိုအချိန်ကတော့ တော်လှန်ရေးကောင်စီဥက္ကဋ္ဌပေါ့။ အခုတော့ သမ္မတဖြစ်တယ်ဆိုပြီး ဖွင့်ဆိုထားပါတယ်။ အဲဒီတော့ ဒီဥပဒေနှင့်ပတ်သက်ရင် ကျွန်တော်က အခု ပုဒ်မ ၁၅ (၂) အောက်မှာ ရှင်းလင်းချက်တစ်ခုကို ပြင်ဆင်မှုမှာထည့်ထားခဲ့ပါတယ်။ အဲဒီရှင်းလင်းချက်ကတော့ ဘာလဲဆိုတော့ ဤပုဒ်မပါ မတရား အသင်းဆိုသည့်စကားရပ်သည် တရားဝင်ဖွဲ့စည်းထားသောအစိုးရအား လက်နက်ကိုင်၍ ပုန်ကန်တိုက်ခိုက်နေသည့် သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များကို ဆိုလိုသည်။ သဘောကတော့ နိုင်ငံရေးအမှုတွေလိုက်တဲ့အခါမှာ ကျွန်တော်တို့ ကိုယ်တွေ့ကြုံခဲ့တာရှိပါတယ်။ အခြေခံဥပဒေအရ ဖွဲ့စည်းထားခြင်းမဟုတ်တဲ့အစိုးရသည် တရားဝင်အစိုးရဟုတ်/မဟုတ်ဆိုတာ ဥပဒေပြဿနာ ကျွန်တော်တို့ အမှန်တကယ်ပေါ်ခဲ့ပါတယ်။ ဒီနေ့ အဲဒီပြဿနာအပေါ်မှာမူတည်ပြီးတော့ လက်နက်ကိုင်တော်လှန်နေတဲ့ အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးဆိုင်ရာ သဘောထားကိုလည်း ကျွန်တော်တို့ နားလည်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်မှာ ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် တရားဝင်ဖွဲ့စည်းထားတဲ့ အစိုးရဆိုတာကို ထည့်ဖို့လိုပါတယ်။ နောင်ကို အခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အစိုးရမဟုတ်ဘူးဆိုရင် ဒါနိုင်ငံတကာမှာလည်း ဒီလိုအစိုးရများကို လက်နက်ကိုင်ပြီး ပုန်ကန်တိုက်ခိုက်တာဟာ တရားတယ်ဆိုပြီးတော့ နိုင်ငံရေးအရ အဓိပ္ပာယ်ဖွင့်ထားတာပါ။ သို့သော် ဒါကို ဥပဒေကြောင်းမှာကတော့ ပိုရှင်းအောင် ၁၅ (၂)မှာ ကျွန်တော် ရှင်းလင်းချက်ထည့်ပါမယ်။ နောက်တစ်ခုကတော့ ကျွန်တော် ပုဒ်မ ၁၇ မတရားအသင်းပုဒ်မ ၁၇ ဒါကတော့ အဓိကပါပဲ။ အဓိကက ဒီနေ့ ရှမ်းတို့၊ ကချင်တို့၊ ကရင်တို့၊ ကယားတို့မှာ ဒီဟာနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားပြည်သူတွေ တော်တော်များများ ထောင်ထဲဝင်နေကြရပါတယ်။ အဲဒီတော့ ပုဒ်မ ၁၇ (၁)မှာ ဘာရေးထားသလဲဆိုတော့ ဤပုဒ်မတွင် မည်သူမဆို မတရားအသင်းဝင်ဖြစ်နေသော်လည်းကောင်း၊ ထိုအသင်း၏ အစည်းအဝေးများတွင် ဝင်ရောက်ဆင်နွှဲနေသော်လည်းကောင်း၊ ထိုအသင်းများအတွက် ငွေများ၊ ရိက္ခာများ ထောက်ပံ့ခြင်း၊ ရယူခြင်း၊ တောင်းဆိုခြင်းပြုလျှင်သော်လည်းကောင်း၊ ထိုအသင်း၏ လုပ်ငန်းဆောင်တာများတွင် တစ်နည်းနည်းဖြင့် ကူညီဆောင်ရွက်ခြင်းပြု လျှင်သော်

လည်းကောင်း အနည်းဆုံးထောင် ဒဏ်နှစ်နှစ်နှင့် အများဆုံးထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ပုဒ်မ ၁၇ (၂)မှာကျတော့ မည်သူမဆို မတရားအသင်းတစ်ခုကို အုပ်ချုပ်ကွပ်ကဲခြင်း၊ အုပ်ချုပ်ကွပ်ကဲခြင်းကို ကူညီခြင်း၊ ထိုအသင်း၏အစည်းအဝေးကို ဖြစ်မြောက်အောင် ဆောင်ရွက်ခြင်း၊ ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရန် ကူညီခြင်းတို့ကိုပြုလျှင် အနည်းဆုံးထောင်ဒဏ် ၃ နှစ်နှင့် အများဆုံး ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ရိုးရိုးနဲ့ အရပ်သုံးစကားပြောရင်တော့ ပုဒ်မ ၁၇ (၁)ဆိုတော့ အနည်းဆုံးထောင်ဒဏ် ၂ နှစ်ပဲ။ ပုဒ်မ ၁၇ (၂)ဆိုရင်တော့ အနည်းဆုံးထောင်ဒဏ် ၃ နှစ်ပဲ။ ဒါက (၁) ကိုပေးမယ်ဆိုတဲ့ ပြဋ္ဌာန်းထားတာပါ။ အဲဒါကြောင့် အခု ကျွန်တော်တို့တွေ့တဲ့ တရားရုံးစီရင်ချက်သည် စီရင်ထုံးသည် တကယ်လူထုမှာဖြစ်နေတဲ့အခြေအနေကို မူတည်ပြီးတော့ အခုကာလနဲ့လည်း ကိုက်အောင် အဲဒီတော့ ပုဒ်မ ၁၇ ရဲ့အောက်မှာ ကင်းလွတ်ချက်များကို ကျွန်တော် ထည့်ပါတယ်။ ကျွန်တော့် ဥပဒေကြမ်းမှာတော့ ပြန်ရှာဖွေရင် အပိုဒ် ၃ မှာ မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၇ ၏အောက်တွင် အောက်ပါအတိုင်း ကင်းလွတ်ချက်များကို ထည့်သွင်းရမည်။

ပထမကင်းလွတ်ချက် မတရားအသင်းဝင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ ညီ၊ ညီမ၊ အစ်ကို၊ အစ်မ၊ သားသမီးများဖြစ်လျှင် ဤပြဋ္ဌာန်းချက်နှင့်မသက်ဆိုင်စေရ။ ဒါလည်း ဘာကြောင့်ထည့်ရတာလဲဆိုရင် ကချင်ပြည်နယ်မှာ သားက ဒီလက်နက်ကိုင်အဖွဲ့မှာပါတဲ့အတွက် ဖခင်ကို ဖမ်းထားတဲ့အမှုမျိုး ဒါ ကျွန်တော်ကိုယ်တိုင် တရားလွှတ်တော်ချုပ်မှာ တွေ့ခဲ့ပါတယ်။ ဒုတိယကင်းလွတ်ချက်ကတော့ မတရားအသင်းရှိရာအရပ်သို့ သွားရောက်၍ စားသောက်ဖွယ်ရာများ ရောင်းဝယ်ခြင်း၊ အသက်မွေးဝမ်းကျောင်းပြုခြင်းသည် မတရားအသင်းအား ကူညီခြင်းပြုရာမရောက်။ ဒါကတော့ တရားရုံးချုပ်ကိုယ်တိုင်ကကို စီရင်ထုံးပြုထားတဲ့ဖြစ်ရပ်ပါ။ တတိယကင်းလွတ်ချက်ကတော့ မတရားအသင်း၏ လှုပ်ရှားမှုကို ကာလဒေသအခြေအနေအရ အသက်ဘေးအန္တရာယ်ရှိသဖြင့် တိုင်တန်းခြင်းမပြုခြင်းသည် ပြစ်မှုမမြောက်၊ ဒီလိုမတိုင်ရုံနဲ့ အပြစ်ပေးခဲ့တဲ့ဟာတွေ အများအပြားရှိပါတယ်။ စတုတ္ထကင်းလွတ်ချက်ကတော့ မတရားအသင်းများနှင့်ဆက်ဆံရာတွင် လိုလိုလားလားမဟုတ်ဘဲ ကြောက်ရွံ့၍ ဆက်ဆံရခြင်းဖြစ်လျှင် မတရားအသင်းများကို ကူညီမှုမမြောက်ဘူး။ ပဉ္စမကင်းလွတ်ချက်ကတော့ ဒါက ဟိုတစ်ခေါက်ကလည်း ကျွန်တော် လွှတ်တော်မှာ ဆွေးနွေးပြီးပါပြီ။ ပြည်ထောင်စုဝန်ကြီး

ဦးအောင်မင်းကိုယ်တိုင်က ကချင်ပြည်နယ် ငြိမ်းချမ်းရေးကြိုးပမ်းတဲ့အခါမှာ လူ ၁၄ ယောက်လောက်ပဲ ငြိမ်းချမ်းရေးအတွက် လာရောက်ပြီး ဆောင်ရွက်ပေးတာရှိပါတယ်။ ကျန်လူတွေ ဘာဖြစ်လို့မလာသလဲ ဆိုတော့ အခုနက ပုဒ်မ ၁၇ (၁)ကို စိုးရိမ်လို့ မလာဘူးဆိုတာ သိတဲ့အတွက် ပဉ္စမကင်းလွတ်ချက် ကတော့ ငြိမ်းချမ်းရေးအတွက် ကူညီပေးသူများသည် ဤပြဋ္ဌာန်းချက်နှင့်မသက်ဆိုင်စေရ။ ဘာလဲ ဆိုတော့ ဒါကို ကျွန်တော်တို့က ထည့်ရတယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် ရိုးရိုးသားသားဆောင်ရွက် သည့်အခြေအနေပေမယ့် ဒီဥပဒေက အခုနက ပြောသလိုပေါ့။ ရန်သူဖြစ်နေရင် ဒီဥပဒေအရ အရေးယူ မယ်။ မိတ်ဆွေဖြစ်သွားလို့ မတရားအသင်းကနေ ပယ်ဖျက်လိုက်မယ်ဆိုရင် ဒီဥပဒေက အရေးမယူ တော့ဘူး။ အဲ့ဒီတော့ ဒီဥပဒေက ဥပဒေပြဋ္ဌာန်းချက်ထက်ကို နိုင်ငံရေးသဘောထားအပေါ်မှာ မူတည် တယ်။ ဥပမာ- ဖုန်ကြားရှင်အဖွဲ့။ ဖုန်ကြားရှင်အဖွဲ့ကို ကျွန်တော်တို့ ကင်းလွတ်ခွင့်ပေးလိုက်တဲ့အချိန်မှာ မတရားအသင်းမဟုတ်တော့ဘူး။ အခုဆိုရင် လောက်ကိုင်မှာ ကျွန်တော်တို့ တပ်မတော်သားတွေ အသက်စွန့်ပြီး တိုက်နေရတဲ့အထိ မတရားအသင်းဖြစ်ရုံမက ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာနဲ့ ပတ်သက်ပြီး ထိပါးလာတဲ့အခြေအနေမျိုးဖြစ်လာတယ်။ ဒီအချိန်မှာကျတော့ ဒါကျွန်တော်တို့က ရန်သူ ဖြစ်လာတဲ့အခါကျတော့ ဒီဥပဒေနဲ့ပတ်သက်တဲ့နယ်ပယ်ထဲ ပြန်ရောက်သွားပါတယ်။ အဲဒီတော့ ဘာဖြစ်ဖြစ် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းတဲ့လူတွေကို၊ ကူညီတဲ့လူတွေကို အကာအကွယ် ပေးဖို့ လိုအပ်ပါတယ်။

အဲဒါကြောင့် ကျွန်တော် ၂၀၁၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ ဒီပြင်ဆင်ချက်တွေကို ပေးပို့ခဲ့ တယ်။ ပုဒ်မ ၁၅ (၂)မှာတော့ ရှင်းလင်းချက်၊ ပုဒ်မ ၁၇ အောက်မှာတော့ ကင်းလွတ်ချက် ငါးရပ် ကျွန်တော် ထည့်ခဲ့ပါတယ်။ ဒါကြောင့် ဒီဟာကို အခုအချိန်ကာလမှာ ကျွန်တော့် ပြင်ဆင်ချက်များကို လွှတ်တော်ကြီးက အလေးအနက်သုံးသပ်ပေးပါ။ နောက်တစ်ဆက်တည်း ကျွန်တော် တင်ပြချင်တဲ့ အပိုဒ်ကတော့ အခုနက ဥပဒေကြမ်းကော်မတီက ဖတ်ကြားတဲ့အခါမှာ ကျွန်တော် အချက်နှစ်ချက်ပဲ မေးခွန်းထုတ်ချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၅၀ မှာ ပြဋ္ဌာန်းထားတဲ့ မြန်မာစာသည် ရုံးသုံးစာဖြစ်ရမယ်ဆိုပြီး ပြဋ္ဌာန်းချက်ကြောင့် အခုပြင်ဆင်ချက်ကို မြန်မာလိုပဲ တင်ပါတယ်။ ဘာလို့လဲဆိုရင် ကျွန်တော် အခြေခံဥပဒေကို လိုက်နာမယ်လို့ ကတိသစ္စာပြုထားလို့ပါ။ အဲဒါကြောင့် ဒါကတော့ အခြေခံဥပဒေထဲမှာ ပြဋ္ဌာန်းချက်ကို ခြွင်းချက်ပြုလို့ရရင်တော့ ဒါသက်ဆိုင်သူ ခြွင်းချက်ပြုသူများရဲ့ အနေအထားပါပဲ။ ကျွန်တော်ကတော့ မြန်မာလိုပါပဲ ဆက်တင်ပါမယ်။ ဒုတိယ ကတော့ ကျွန်တော်တို့ လွှတ်တော်ဆိုတာ ဥပဒေ၊ နည်းဥပဒေတွေနဲ့ မောင်းနှင်ရတာပါ။ အဲဒီတော့

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ကျွန်တော် ဖတ်တဲ့အခါမှာလည်း ၁၈၀ ဥပဒေကြမ်း ပေးပို့ခြင်းမှာ အင်္ဂလိပ်လို ပြဋ္ဌာန်းထားတဲ့ဥပဒေတွေဆိုရင် အင်္ဂလိပ်လို ပေးပို့ရမယ်လို့ ရေးသား ထားတာ ကျွန်တော် မတွေ့ပါဘူး။ အဲဒီအပိုဒ်များပါရင်တော့ ကျွန်တော်လည်း ဘာသာပြန်ပြီးတော့ အင်္ဂလိပ်လိုပေးပို့မှာပါ။ အဲဒီနှစ်ချက်ကြောင့် ကျွန်တော်ကတော့ ဒီမတရားအသင်းအက်ဥပဒေဟာ ကျွန်တော်တို့ ဒီနေ့သွားနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ဆက်စပ်နေတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို ကျွန်တော်တို့ လွှတ်တော်ကြီးက ကူညီချင်တယ်ဆိုရင် ဒီဥပဒေကို ပြင်ခြင်း အားဖြင့် တိုင်းရင်းသားပြည်သူတွေ အထူးသဖြင့် ကချင်၊ ကရင်၊ ကယား၊ ရှမ်း၊ ကချင်တိုင်းရင်းသား ဒေသတွေမှာ ဒီဥပဒေကြောင့် ထောင်ထဲဝင်သွားရတဲ့၊ ဘဝပျက်သွားရတဲ့ မိသားစုတွေဘက်က ရပ်တည်ပေးချင်တယ်ဆိုရင် ဒီဥပဒေကို ပြင်ဆင်ပေးသင့်ပါကြောင်း၊ ဒါကြောင့် ကျွန်တော် ဒီပြင်ဆင်မှုကို တင်သွင်းရခြင်းဖြစ်ကြောင်းကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ လွှတ်တော်ကြီးအား ကျွန်တော် လေးလေးစားစား တင်ပြပန်ကြားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ညောင်ရွှေ မဲဆန္ဒနယ် အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ဟာ ဒီမိုကရေစီစနစ် နိုင်ငံတော်သစ်ဆီသို့ ဦးတည်ချီတက်နေချိန်တွင် အချို့ သောအချက်များမှာ တိုင်းရင်းသားပြည်သူများအတွက် ပြင်ဆင်ရန်၊ ဖြည့်စွက်ရန် အထူးလိုအပ်လျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းသော မတရားအသင်း များအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံ ဆွေးနွေးနိုင်ပါရန် ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းသွားတဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြည်ထဲရေး ဝန်ကြီးဌာနရဲ့ သဘောထားကိုလည်း သိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယခု ရန်ကုန် တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့ မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော် ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်သည့်ဥပဒေကြမ်းမှာ မူရင်းဥပဒေပုဒ်မ ၁၅ (၂)ရဲ့နောက်မှာ ဤပုဒ်မပါ မတရားအသင်းဆို သည့် စကားသည် တရားဝင်ဖွဲ့စည်းထားသောအစိုးရအား လက်နက်ကိုင်၍ ပုန်ကန်တိုက်ခိုက်နေ သည့် သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များကို ဆိုလိုသည်ဆိုတဲ့ စကားရပ်ကို ရှင်းလင်း ချက်အဖြစ် ထည့်သွင်းပြဋ္ဌာန်းရန် ဖော်ပြထားပါတယ်။ ယင်းအဆိုပြုရှင်းလင်းချက်ဟာ ဥပဒေကြမ်းမှာ အစိုးရကို လက်နက်ကိုင်ပြီးတော့ ပုန်ကန်တိုက်ခိုက်နေတဲ့ သောင်းကျန်းသူအဖွဲ့အစည်းများနဲ့ အဖွဲ့အစည်းဝင်များကိုသာ အကျုံးဝင်ပြီးတော့မှ မူလဥပဒေပြဋ္ဌာန်းချက်မှာတော့ လက်နက်ကိုင် သောင်းကျန်းသူမဟုတ်သော်လည်း အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုကို ကျူးလွန်ဖို့ အားပေးကူညီတဲ့ အသင်းအဖွဲ့များကို ရည်ရွယ်ပြီးတော့ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ လက်ရှိခေတ်အခြေအနေမှာ မြေအောက်အဖွဲ့အစည်းများဖြစ်တဲ့ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းများရှိသလိုပဲ နိုင်ငံတော်တည်ငြိမ်ရေးကို ပျက်ပြားစေဖို့အတွက် ဆောင်ရွက်နေတဲ့ မြေပေါ်အဖွဲ့အစည်းများလည်း ရှိပါတယ်။ အချို့အဖွဲ့အစည်းတွေဟာ အကြမ်းဖက်မှုများပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပုဒ်မ ၁၅(၂)မှာ ဖော်ပြထားတဲ့ မတရားအသင်းတစ်ခုခုကို အဆက်အသွယ်ပြုလုပ်ပြီးတော့မှ ငွေကြေး ထောက်ပံ့ခြင်း၊ လက်ခံရယူခြင်း၊ တောင်းခံခြင်း၊ တစ်နည်းနည်းဖြင့်ကူညီခြင်းများ ပြုလုပ်လာနိုင်တဲ့ အပြင် နိုင်ငံတော်လုံခြုံရေးနဲ့တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးမယ့်အခြေအနေ ပေါ်ပေါက်လာ နိုင်ခြင်းတို့ကြောင့် ပြင်ဆင်ပြဋ္ဌာန်းရန်မသင့်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ်တင်ပြထားတဲ့ ဥပဒေကြမ်းရဲ့ ပထမကင်းလွတ်ချက်မှာ ဖော်ပြထားတဲ့ မတရားအသင်းဝင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ ညီ၊ ညီမ၊ အစ်ကို၊ အစ်မ၊ သား၊ သမီးဖြစ်လျှင် ဤဥပဒေပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်စေရလို့ ဖော်ပြထားတဲ့နေရာမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၆၊ ၂၁၆-(က) တို့မှာ ကင်းလွတ်ချက်အဖြစ် ပြဋ္ဌာန်းထားတဲ့ ပြစ်မှုကျူးလွန်သူက လင်ဖြစ်လျှင် မယားက ထိုလင်ကို လက်ခံခြင်းနှင့်သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူက မယားဖြစ်လျှင် လင်က ထိုမယားကိုလက်သင့်ခံခြင်းနှင့်သော်လည်းကောင်း မသက်ဆိုင်လို့ ပြဋ္ဌာန်းထားပါတယ်။ လင်နဲ့မယားကို ကင်းလွတ်ခွင့်ပြုထားခြင်းဖြစ်ပြီးတော့မှ မိဘ၊ ညီ၊ အစ်ကို၊ မောင်၊ နှမ၊ သား၊ သမီးတို့မှာ မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)အရ မတရားအသင်းဝင်ဖြစ်မှုသာလည်းကောင်း၊ ထိုအသင်းတစ်ခုခုကိုငွေကြေးထောက်ပံ့ခြင်း၊ လက်ခံရယူခြင်း၊ တောင်းခံခြင်း၊ တစ်နည်းနည်းဖြင့် ကူညီခြင်းပြုမှုသာလည်းကောင်း အရေးယူခြင်းခံရမှာ ဖြစ်ပါတယ်။

ဒုတိယကင်းလွတ်ချက်မှာ ဖော်ပြထားတဲ့ မတရားအသင်းများရှိရာ အရပ်သို့ သွားရောက်၍ စားသောက်ဖွယ်ရာများ ရောင်းဝယ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းသည် မတရားအသင်းအား ကူညီခြင်းပြုရာမရောက်လို့ဆိုတဲ့နေရာမှာ မတရားအသင်းများရှိရာ အရပ်ဆိုတာဟာ တည်နေရာအတိအကျကို ဖော်ပြနိုင်စွမ်းမရှိပါဘူး။ အသက်မွေးဝမ်းကျောင်းပြုခြင်းကိုလည်း အကြောင်းပြုပြီးတော့မှ အခွင့်အရေးတစ်ရပ်အဖြစ် ဆောင်ရွက်မှုများလည်း ရှိလာနိုင်ပါတယ်။

တတိယကင်းလွတ်ချက်မှာ ဖော်ပြထားတဲ့ မတရားအသင်းများ၏လှုပ်ရှားမှုများကို ကာလအခြေအနေအရ အသက်ဘေးရန် အန္တရာယ်ရှိနေသဖြင့် တိုင်တန်းခြင်းမပြုခြင်းသည် ပြစ်မှုမမြောက်လို့ဆိုတဲ့နေရာမှာ မူလဥပဒေမှာတော့ သတင်းပေးတိုင်တန်းဖို့ ပျက်ကွက်လို့ရှိရင် အရေးယူဖို့ ပြဋ္ဌာန်းချက်မှာ မပါရှိကြောင်း တွေ့ရှိရပါတယ်။

နောက် စတုတ္ထကင်းလွတ်ချက်မှာ ဖော်ပြထားတဲ့ မတရားအသင်းများနှင့် ဆက်ဆံရာမှာ လိုလိုလားလားမဟုတ်ဘဲ ကြောက်ရွံ့၍ဆက်ဆံရခြင်းဖြစ်လျှင် မတရားအသင်းများကို ကူညီမှုမမြောက်လို့ဆိုတဲ့နေရာမှာ မတရားအသင်းတွေနဲ့ ဆက်ဆံတဲ့သူရဲ့ စိတ်နေစိတ်ထားနဲ့ အကြောင်းပြချက်ပေါ်မှာ မူတည်ပြီးတော့ ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိကျခိုင်မာတဲ့အထောက်အထား ပြသနိုင်မှုမရှိကြောင်းကို အငြင်းပွားဖွယ် တွေ့ရှိရပါတယ်။

**မူကြမ်း**

ပဥ္စမကင်းလွတ်ချက်မှာ ဖော်ပြထားတဲ့ ငြိမ်းချမ်းရေးအတွက် ကူညီပေးသူများသည် ဤပြဋ္ဌာန်းချက်နဲ့ မသက်ဆိုင်စေရလို့ ဆိုတဲ့နေရာမှာ မူလဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၁၇(၂)မှာ မတရားအသင်းကို စီမံအုပ်ချုပ်ခြင်း၊ စီမံအုပ်ချုပ်မှုတွင်ကူညီခြင်း၊ ထိုအသင်းတစ်ခုခု၏ အစည်းအဝေးဖြစ်မြောက်စေရေးအတွက် ဆောင်ရွက်ရာမှာ အရေးယူခံရမှာဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ငြိမ်းချမ်းရေးအတွက် ကူညီပေးသူများ မပါရှိကြောင်း တွေ့ရှိရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်ဖို့ကိုတော့ သဘောတူပါတယ်။ ဒါပေမယ့် အထက်တင်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့် တင်ပြထားတဲ့ အချက်အလက်တွေဟာ ယှဉ်တွဲဖော်ပြပါအချက်များကြောင့် ဒီဥပဒေကိုတော့ လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဦးသိန်းညွန့်မှ တင်သွင်းလာတဲ့ ဒီဥပဒေပြင်ဆင်ဖို့အတွက်ကို ခုနက အဆိုတင်သွင်းတဲ့အခါမှာလည်း ရှင်းလင်းပြောကြားသွားတာ ဖြစ်ပါတယ်။ ဒါကိုလည်း ကိုယ်စားလှယ်များအားလုံးပဲ ကြားသိပြီးဖြစ်ပါတယ်။ တကယ်တော့ ပြင်ဆင်ချက်တင်သွင်းတဲ့ ကိုယ်စားလှယ်ကြီးဦးသိန်းညွန့်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဝမ်းလည်းသာပါတယ်။ အခုလိုမျိုး လိုအပ်နေတဲ့အချက်တွေမှာ ဝင်ပြီးတော့ ပါဝင်ကူညီဆောင်ရွက်နေတာ။ သို့သော်လည်း ဦးသိန်းညွန့်ကိုပဲ ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်ကြီးကိုပဲ ကျွန်တော် ပြန်ပြီးတော့ တစ်ခုလေး ကျွန်တော်ကလည်း ရှင်းလင်းပြဖို့ လိုပါတယ်။ ကျွန်တော်တို့ ဦးသိန်းညွန့်ကိုယ်တိုင်ကလည်းပဲ တရားလွှတ်တော်ချုပ်ရှေ့နေကြီးတစ်ဦးဖြစ်ပါတယ်။ အဲဒီတော့ မိမိကိုင်တွယ်ကျင့်သုံးနေတဲ့ မိမိရဲ့ ဥပဒေများသည် မည်သို့မည်ပုံရေးထားတယ်၊ ဘယ်လိုပြဋ္ဌာန်းထားတယ်ဆိုတာလည်း ကိုယ်စားလှယ်ကြီးဦးသိန်းညွန့်အသိပဲဖြစ်ပါတယ်။ ဒီမတရားအသင်းအက်ဥပဒေကို ရုပ်သိမ်းတဲ့ကိစ္စ မတိုင်ခင်ကလည်းပဲ ဦးသိန်းညွန့်ကိုယ်တိုင်ပဲ အရင်ရာဇသတ်ကြီးတုန်းကလည်း အင်္ဂလိပ်လိုပြဋ္ဌာန်းထားတာကို မြန်မာလိုပဲ ပြင်ဆင်ပြီးတင်လာတာဖြစ်တဲ့အတွက် ဘယ်လိုပြန်ပြီးတော့ ပြင်ဆင်ချက် ထည့်သွင်းမလဲလို့မေးတဲ့အခါမှာ ဦးသိန်းညွန့်ကိုယ်တိုင်ပဲ ပြန်လည်ပြီး ရုပ်သိမ်းသွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေမှာ အင်္ဂလိပ်လိုပြဋ္ဌာန်းထားလျှင် အင်္ဂလိပ်လို ပြင်ဆင်ရေးသားရမယ်လို့ ပြဋ္ဌာန်းချက်မပါရှိတဲ့အတွက်လို့ ပြောတဲ့အတွက် ဦးသိန်းညွန့်ကတော့ မြန်မာလိုပဲ တင်သွင်းမယ်လို့ပဲ ပြောသွားတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ထင်တာကတော့ အဲဒီတုန်းကတည်းက ဦးသိန်းညွန့်က သိသွားပြီးပြီ

ဆိုရင် ကျွန်တော်တို့က မြန်မာစာသည် ရုံးသုံးစာဖြစ်တဲ့အတွက် မြန်မာလိုကတော့ မှန်ပါတယ်။ ဒါပေမယ့် လက်ရှိဒီကနေ့ အခြေအနေမှာ ပြဋ္ဌာန်းထားသည့်ဥပဒေတွေဟာ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေဟာ အင်္ဂလိပ်လို ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ မြန်မာမှုပြန်ပြုဖို့ လိုနေတာရှိပါတယ်။ ဒါကြောင့်မို့ ပြင်ဆင်မယ်ဆိုရင်လည်းပဲ အစကတည်းက ဒီလိုတစ်ပိုဒ်ကလေး၊ နှစ်ပိုဒ်ကလေး ပြင်ဆင်မယ့်အစား ဒီဥပဒေကြီးတစ်ရပ်လုံးကိုပဲ မိမိကိုယ်တိုင် တရားစီရင်ရေးမှာ ပါဝင်ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ဒီဥပဒေကိုပဲ အစအဆုံး အပြည့်အစုံရေးသားပြီးတော့ တင်သွင်းခဲ့မယ်ဆိုရင် အဲဒီလိုပြည့်စုံကောင်းမွန်တဲ့ ဥပဒေမျိုးများရရင် ခုနက ဟောင်းနွမ်းနေတဲ့ ကျွန်တော်တို့နဲ့ အကျုံးမဝင် အသုံးမဝင်တော့တဲ့ အနှောင့်အယှက်ဖြစ်နေတဲ့ ဥပဒေတွေကို ကျွန်တော်တို့အနေနဲ့ ဝမ်းသာအားရ ပယ်ဖျက်လိုက်ဖို့ လွယ်လွယ်ကူကူဖြစ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဦးသိန်းညွန့်ကို ကျေးဇူးတင်ကြောင်းတော့ ပြောပါတယ်။ ဦးသိန်းညွန့်ကလည်း ကျွန်တော်တို့ကို ကျေးဇူးတင်တယ်ဆိုတော့ ကျွန်တော်တို့ကလည်းပဲ ဒီလိုပါဝင်ဆောင်ရွက်နေတဲ့အတွက် ကျေးဇူး အများကြီးတင်ပါတယ်။ သို့သော်လည်းပဲ အခု ဒီကိစ္စကတော့ ကျွန်တော်တို့ ဦးသိန်းညွန့်လည်း သဘောတူထားပြီးသားဖြစ်တဲ့အတွက် နားလည်းနားလည်ထားပြီးသားဖြစ်တဲ့အတွက် ကျွန်တော်ဒီ စကားကိုပဲ ဆက်ပြီးတော့ ကျွန်တော်သုံးပါ့မယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဦးသိန်းညွန့်တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းဟာလည်း မြန်မာဘာသာဖြင့် ပြင်ဆင်ချက်ပြုထားခြင်းပဲဖြစ်ပါတယ်။ ဦးကျော်နိုင်ဌေး တင်သွင်းသွားတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့လည်း ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအရ အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ချက်ပြုလုပ်ပြီးမှ ပြန်လည်တင်ပြရန်လွှတ်တော်ကလည်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန် မသင့်ဘူးလို့ပဲ သဘောရရှိပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ တင်ပြချင်တာက မဲကို ခွဲတာကတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ကျွန်တော်ဘာမှ ပြောစရာမရှိပါဘူး။ အခု ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တင်ပြထားတဲ့အထဲမှာ ကျွန်တော်ကြားလိုက်တာကတော့ ကျွန်တော်တင်ပြတဲ့အထဲမှာ ရာဇသတ်ကြီးမှာပါတဲ့ ဇနီးမယားကတော့ ဟုတ်တယ်။ ပထမကင်းလွတ်ချက် ကျန်တဲ့ ညီ၊ ညီအစ်မ၊

ဘာညာ သားသမီးမပါဘူး။ ဒါအထူးဥပဒေ။ အထူးဥပဒေမှာ ကင်းလွတ်ချက်မပေးထားဘူး။ ရာဇသတ်ကြီးမှာတော့ ပေးထားတယ်။ အခြား အချက်မှာလည်း အချို့ ဒုတိယဝန်ကြီးပြောတဲ့အချက်တွေက ကျွန်တော်တင်ပြချက်တွေကို လုံးဝကြီးငြင်းပယ်လိုက်တဲ့သဘောမဟုတ်ဘူး။ အဲဒီအပြင် ဒီဥပဒေကို ပြင်ရန် သဘောတူတယ်ဆိုပြီးတော့ ပြင်ဖို့ သဘောတူတာပါပါတယ်။ ကျွန်တော်တို့ ရည်မှန်းချက်အားလုံးက အများပြည်သူအကျိုးအတွက် ကျွန်တော်တို့ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ဒီဥပဒေကိုပြင်ဖို့ပါပဲ။ တစ်ဦးတစ်ယောက်အတွက်၊ တစ်ပါတီအတွက်၊ ပုဂ္ဂိုလ်ရေးတစ်ဦးတစ်ယောက်အတွက် အနိုင်အရှုံးပြဿနာမဟုတ်ပါဘူး။ ကျွန်တော်တို့ တိုင်းပြည်ကြီး နိုင်စေချင်တယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးကြီးအောင်မြင်စေချင်တယ်။ ကျွန်တော်တို့ လက်နက်ကိုင်နေတဲ့ အင်အားစုတွေရော ကျွန်တော်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပိုပြီးတော့ နီးစပ်သွားအောင် တွန်းပေးချင်တယ်။ ဒီအခြေခံနဲ့ ဒီဥပဒေကို ဆွေးနွေးတာပါ။ အဲဒီတော့ ပြည်ထဲရေး ဒုတိယဝန်ကြီးကလည်း ပြင်ရန်သဘောတူပြီးဆိုရင် လွှတ်တော်ကြီးက မဲခွဲဖို့မလိုပါဘူး။ ဒုတိယဝန်ကြီးကိုထပ်မေးပါ။ ဒီဟာ တိုင်းပြည်အတွက်၊ ငြိမ်းချမ်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက ပြင်ဖို့သဘောတူပြီးပြီဆိုတဲ့ မူပြဿနာဖြေရရင် ကျွန်တော့်ပြင်ဆင်ချက်ကို ကျွန်တော် ပြန်ပြီးရုပ်သိမ်းပေးဖို့ အဆင်သင့်ရှိပါတယ်။ အဲဒါကို လွှတ်တော်ကြီးကို လေးလေးစားစားတင်ပြပါတယ်။

**ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က တင်သွင်းသော မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး ဦးသိန်းညွှန့် နားမလည်လို့ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ ပြင်ဆင်ချက်ကို လက်မခံဘူးဆိုတာ မြန်မာလို ရေးထားတဲ့အတွက် ဒါကိုပဲ ပြောနေတာပါပဲ။ ပြည်ထဲရေးက သက်ဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်းပဲ ဦးသိန်းညွှန့်ကိုပဲ ပြင်ဆင်တာလေးတွေတောင်မှ ကောင်းတာလေးတွေလည်းပြောသွားပြီးပါပြီ။ မပြင်ဆင်ရဘူးလို့လဲ ကျွန်တော်တို့ မပြောထားဘူး။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးဟာ၊ ဒီလွှတ်တော်တွေဟာ ကိုယ်စားလှယ်ကြီးကိုယ်တိုင်လည်းသိပါတယ်။ ဥပဒေတွေကိုပြဋ္ဌာန်းနေတဲ့ ဌာနကြီးဖြစ်ပါတယ်။ ဥပဒေပြုဌာနကြီးပါ။ ဒါကြောင့်မို့လို့ ပြင်ဆင်တာကို ကျွန်တော်တို့က အခု လက်မခံဘူးလို့ ပြောနေတာဟာ ခုနကတည်းက ဦးသိန်းညွှန့်သည် မြန်မာလိုရေးသားပြီး တင်သွင်းလာတဲ့အတွက်

မြန်မာလိုတော့ ပြဋ္ဌာန်းထားတဲ့ ဥပဒေမဟုတ်တဲ့အတွက် ဒီလို မြန်မာစာကိုတော့ ထည့်သွင်းလို့မရတဲ့အတွက် ကျွန်တော်တို့ ပြန်ပြီးတော့ ပြင်ဆင်ရေးသားဖို့အတွက်ကိုပဲ အင်းတော်မဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးကလည်း ပြောသွားတာပါ။ ဒါကြောင့်မို့လို့ သူလည်းပြန်ရုပ်သိမ်းသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလည်းပဲ ပြင်ဆင်ဖို့အတွက်ကို သဘောမတူဘူးလို့ တစ်ခွန်းမှပြောတာမဟုတ်ပါဘူး။ ဦးသိန်းညွန့်ပြင်ဆင်လို့တဲ့ အချက်တွေရှိရင် ကျွန်တော်တို့ တစ်ပိုဒ်ချင်းပဲ တစ်ခုချင်းပဲဆိုရင် မူလပြဋ္ဌာန်းထားတဲ့ ဥပဒေမှာပါတဲ့ အင်္ဂလိပ်ဆိုရင် အင်္ဂလိပ်လိုပဲ ပြင်ဆင်ရေးသားပေးဖို့ မြန်မာလိုပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ရင်လည်း မြန်မာလိုပဲ ပြင်ဆင်ရေးသားပေးဖို့ အကယ်၍ ခုနကပြောတဲ့ အင်္ဂလိပ်လိုပဲပြဋ္ဌာန်းထားတဲ့ဟာကို တစ်ပုဒ်လုံး၊ တစ်ခုလုံးဥပဒေတစ်ခုလုံးကို ပြင်ဆင်ချင်တယ်ဆိုရင်လည်းပဲ အစကနေအဆုံး အင်္ဂလိပ်လိုရေးသားထားတာကို ပယ်ဖျက်ဖို့အတွက် မြန်မာလိုပြည့်စုံအောင်ရေးသားပြီး ပြင်ဆင်တဲ့ဥပဒေတစ်ခုပြန်လည်တင်သွင်းနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ ပြင်ဆင်တာကို လက်မခံဘူးလို့ မပြောထားဘူး။ ဒါကို ဦးသိန်းညွန့်နားမလည်လို့ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့ ဒီနေရာမှာလည်း မဲခွဲဖို့ မလိုတော့ပါဘူး။ မူလကတည်းက အင်္ဂလိပ်လိုပြဋ္ဌာန်းထားတဲ့ ဥပဒေကို မြန်မာလို ပြင်ဆင်ပြီး ဖြည့်သွင်းလို့မရတဲ့အတွက် ဒီဟာက ပြန်လည်ရုပ်သိမ်းဖို့ပဲဖြစ်ပါတယ်။ ပထမ ရာဇသတ်ကြီးတုန်းကလည်း ဦးသိန်းညွန့်ကိုယ်တိုင်ပဲ နားလည်ပြီးတော့ ဒီစကားကိုပဲ ပြောသွားတာပါ။ အခုလည်းပဲ ကျွန်တော်ကပဲ ဒီနေရာမှာ ဦးသိန်းညွန့်ကိုယ်စား ကျွန်တော်ကပြောကြားပေးမလို့ပါ။ ဦးသိန်းညွန့်ကိုယ်တိုင်ကလည်း ပြောသွားပြီးပါပြီ။ ဝန်ကြီးဌာနကနေပြီးတော့ ပြင်ဆင်ဖို့သဘောတူတယ်ဆိုရင် ပြန်လည်ရုပ်သိမ်းဖို့သင့်ပါပြီဆိုတော့ ကျွန်တော်တို့က မပြင်ဆင်ရဘူးလို့ တစ်ခွန်းမှမပြောထားပါဘူး။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်သဘောတူလက်ခံလိမ့်မယ်လို့ထင်ပါတယ်။ ကျွန်တော်ဒီတိုင်းပဲဆက်သွားပါမယ်။ အဲဒီတော့ ဦးသိန်းညွန့်တင်သွင်းထားတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန် မသင့်ကြောင်းသဘောရရှိပါတယ်။ ဦးသိန်းညွန့်တင်သွင်းတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန်မသင့်ကြောင်း လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသေးသလားခင်ဗျား။

**မူကြမ်း**

[သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း မတ်တတ်ရပ်ပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှိပါတယ်ဆိုရင်လည်း ခုနကအတိုင်းပဲ ဖြစ်မှာပါပဲ။ ဒီအတိုင်းပါပဲ။ မဟုတ်သေးဘူး။ အချိန်က ၁၂ နာရီ။ ကျွန်တော်နားခွင့်လည်းမပေးဘူး။ သုံးမိနစ်လုံး ကျွန်တော် ပြောခွင့်ပေးခဲ့ပြီးပါပြီ။ ဥပဒေပြင်မယ့်ပုဂ္ဂိုလ်က ဦးသိန်းညွန့် ဖြစ်ပါတယ်။ သဘောတူသလား၊ မတူသလားပဲ ကျွန်တော်မေးတာပါ။ အကျိုးအကြောင်း ကျွန်တော် မမေးပါဘူး။ ကျွန်တော် အခုမေးနေတာက ကာယကံရှင်ကိုပဲ ပြောခွင့်အချိန်ပြည့် ကျွန်တော်ပေးခဲ့ပါတယ်။ ဟုတ်ကဲ့။ အခုခဏလေး ထိုင်လိုက်ပါတော့။ ဦးရဲထွန်းခဏထိုင်လိုက်ပါခင်ဗျား။ ဦးရဲထွန်းထိုင်လိုက်ပါတော့ခင်ဗျာ။ ဥပဒေကို တင်သွင်းတဲ့ပုဂ္ဂိုလ်ကို ကျွန်တော် ပြောခွင့်ပြုပြီးပါပြီ။ မေးတာက သဘောတူသလား၊ မတူသလား။ သဘောမတူတဲ့သူပဲမေးတာ။ သဘောမတူတဲ့အကျိုးအကြောင်းကို ကျွန်တော်မပြောဘူး၊ မမေးဘူး။ သို့သော်လည်း ခုနတုန်းက ကိုယ်စားလှယ်ကြီးရဲ့ ပုဂ္ဂိုလ်ရေးကို လေးစားတဲ့အတွက် သဘောမတူတဲ့ အကြောင်းလေးကို ကျွန်တော်တို့ နားထောင်ခဲ့ပြီးပါပြီ။ ဒီဇာတ်လမ်းဟာ ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဦးသိန်းညွန့် ကာယကံရှင်ကိုပဲ ကျွန်တော်တို့ ပြောခွင့်ရှိတာတွေ ပြောခွင့်ပေးထားခဲ့ပြီးပြီ။ ဦးရဲထွန်းက ဥပဒေတင်သွင်းတဲ့သူလည်း မဟုတ်ပါဘူး။ ဒီတစ်ခွန်းတည်းပဲ တူတယ်၊ မတူတယ်ပဲ ကျွန်တော်မေးနေတာဖြစ်ပါတယ်။ ဒီနေရာမှာ မဲခွဲဖို့လည်း ကျွန်တော်တို့ မလိုတော့ပါဘူး။ ကျွန်တော် ပြန်မေးပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်တင်သွင်းသွားတဲ့ မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄) ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန် မသင့်ကြောင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က တင်သွင်းသော မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောတူတဲ့သူပဲများတယ်။ သဘောမတူတဲ့သူ မတ်တပ်ရပ်လိုက်ပါ။ တစ်ယောက်တည်းပါပဲ။ ဒါ့ကြောင့်မို့လို့ ဘာမှဆက်လက်ပြီးတော့ ရှင်းလင်းစရာမလိုတော့ဘူးလို့ နားလည်ဖို့သင့်မယ်လို့ ကိုယ်စားလှယ်ကြီး ဦးရဲထွန်းကို ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ သဘောမတူသူက တစ်ဦးတည်းရှိတယ်။ ဦးရဲထွန်း။ ဦးသိန်းညွန့်တင်သွင်းသွားတဲ့ မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆက်လက် ဆွေးနွေးရန် မသင့်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့ လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**